# သင့်အတွက် သတင်းကောင်း

## သင်ခန်းစာ (၁ – ၁၁)

*(Good News For You )*
*Lesson 1-11*

(ရောင်းရန် မဟုတ်)

# ညွှန်ကြားချက်များ

ဤသင်ခန်းစာသည် သမ္မာကျမ်းစာ သင်ခန်းစာအတွဲ ခုနှစ်မျိုးကို မိမိကိုယ်တိုင် လေ့လာနိုင်ရန် သို့မဟုတ် အကြံပေးသူများနှင့်သော်လည်းကောင်း၊ အဖွဲ့အလိုက်နှင့်သော်လည်းကောင်း၊ သင်ယူနိုင်ရန် စီစဉ်ထားသော သင်ခန်းစာဖြစ်ပါသည်။ ဤသင်ခန်းစာသည် မည်သူမဆို သမ္မာကျမ်းစာကို လေ့လာချင်သောသူတိုင်း အတွက် ဖြစ်ပါသည်။ ဤသင်ခန်းစာများကို မလေ့လာမီ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို လက်ရှိကိုင်ဆောင်ထားရန် လိုပါလိမ့်မည်။ အကြောင်းမှာ ဤသင်ခန်းစာသည် ဓမ္မသစ်ကျမ်းထဲမှာ ရှိသော ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အဓိက ထား၍ လေ့လာခြင်းဖြစ်သည်။

ယင်းသင်ခန်းစာထဲ၌ မေးခွန်းများကို ရိုးရိုးရှင်းရှင်းဖြင့် ၄င်းအဖြေ များကို သမ္မာကျမ်းစာထဲမှ တိုက်ရိုက် ပေးနိုင်ပါသည်။ မည်သည့် အဖြေမဆို သမ္မာကျမ်းစာကျမ်းပိုဒ်များ၌ မတွေ့မချင်း အဖြေ မလက်ခံပါနှင့်။

# သင်ခန်းစာ (၁ )
# လူသား၏ ပြဿနာ

၁။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို _______________ တို့သည် _______________ မည်အကြောင်း ထိုသို့ယုံ၍ နာမတော် အားဖြင့် _______________ _______________ ကို ရမည်အကြောင်း ဤမျှလောက် ရေးထားလျက်ရှိသတည်း။ (ယောဟန် ၂၀း၃၁)

(ကွပ်လပ်များကို ဖြည့်ပါ။)

၂။ တစ်ဖန်တုံ ယေရှုက ငါသည် ဤလောက၏ _______________ ဖြစ်၏။ (ယောဟန် ၈း၁၂)

၃။ သခင်ခရစ်တော်၏ နောက်တော်လိုက်ဖို့ရန် အရေးကြီးပါသလား။

အရေးကြီး _________ (သို့) အရေးမကြီး _________ (ယောဟန် ၈း၁၂)

၄။ ယောဟန် (၈း၁၂) မှ လေ့လာခြင်းအရ ကျွန်ုပ်တို့သည် ခရစ်တော်၏ နောက်တော်သို့ လိုက်ခြင်းအားဖြင့် မည်သည့်အရာများ ရရှိမည်နည်း။

_______________________________________________

၅။ အချို့သော လူတို့သည် ခရစ်တော်နောက်တော်ကို မလိုက်ပါ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် _______________________________ အကျင့်ကို ကျင့်သောကြောင့် _______________ ထက် _______________ ကို သာ၍ နှစ်သက်ကြ၏။ ( ယောဟန် ၃း၁၉)

၆။ အချို့သော လူများသည် မှောင်မိုက် (အပြစ်) ထဲ၌ အသက်ရှင်ခြင်းကို အဘယ်ကြောင့် ပို၍ နှစ်သက်ကြသနည်း။ (ယောဟန် ၃း၁၉-၂၀)

_______________________________________________

၇။ ဒုစရိုက်ပြုသမျှသော လူတို့ကို သခင်ခရစ်တော်က မည်ကဲ့သို့ ဖော်ပြထားသနည်း။ (ယောဟန် ၈း၃၄)

_______________________________________________

၈။ ဘုရားသခင်၏ စကားကို နားမထောင်သော သူတို့ကို ယေရှုက မည်သို့ မိန့်တော်မူသနည်း။ (ယောဟန် ၈း၄၇ )_______________________________

၉။ (ယောဟန် ၁၆း၉)အရ လူသားများသည် မည်သည့် ဒုစရိုက်အပြစ်ကိုပြုကြသနည်း။ ________________________________________

၁၀။ သားတော်ကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရ၏၊ သားတော်ကို ပယ်သောသူမူကား ____________________ ကို မတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏________________တော် တည်နေသည်ဟု ယောဟန် ဟောလေ၏။ (ယောဟန် ၃း၃၆)

၁၁။ (ရောမ ၆း၂၃) ထဲ၌ သမ္မာကျမ်းစာက အပြစ်၏ အဖိုးအခကို ဖော်ပြထားပါသည်။ အပြစ်တရား၏ အခကား ______________ ဖြစ်သည်။

*"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ် အားဖြင့် ထာဝရအသက်ပေတည်း။"* **(ရောမ ၆း၂၃)**

၁၂။ အောက်ဖော်ပြပါ စကားလုံးများထဲမှ အပြစ်အကြောင်းနှင့် ပတ် သတ်၍ အကောင်းဆုံး ဖော်ပြချက်ကို (ယင်းသင်ခန်းစာတွင် တွေ့ရှိရသော စကားလုံးများမှ) စစ်ဆေးပါ။

မှောင်မိုက်ထဲမှာ လိုက်လျှောက်ခြင်း________________
ယုံကြည်ခြင်း ________________
ကျွန်ဘဝ ________________
မယုံကြည်မှု ________________
ကယ်တင်ခြင်း ________________
နာမခံခြင်း ________________
အမှားကို လုပ်ခြင်း ________________

၁၃။ အပြစ် ဒုစရိုက်ထဲတွင် ဆက်လက်ပြီး ကျင်လည်နေသောသူ တစ်ယောက်သည် ဘုရားသခင်၏________________ တည်နေသည်။ (ယောဟန် ၃း၃၆)

၁၄။ အချို့သော လူတို့သည် သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်နှင့် သခင် အဖြစ် လက်မခံချင်လျက် (မယုံကြည်) ငြင်းပယ်ကြသည်။
(ယောဟန် ၁း၁၀-၁၁) မှန် ( _____ ) မှား ( _____ )

၁၅။ ဘုရားသခင်သည် လောကီသားတို့အတွက် ကိုယ်တော် အားဖြင့် _________________________________သို့ ရောက်မည် အကြောင်း ဤလောကသို့ စေလွှတ်တော်မူ၏။ (ယောဟန် ၃း၁၇)

၁၆။ အဘယ်ကြောင့် လောကီသားတို့သည် ကယ်တင်ရှင်လိုအပ်နေပါသလဲ။
(အောက်ပါဖော်ပြထားသော ရောမ ၃း၂၃) ______________________________

*"အဘယ်ကြောင့် နည်းဟူမူကား ၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။"* **(ရောမ ၃း၂၃)**

၁၇။ အထက်တွင်ဖော်ပြထားသော ကျမ်းချက်အရ မည်သည့်အချက်အရာသည် လူတစ်ယောက်၏ အဓိကပြဿနာ ဖြစ်သနည်း။ __________________

**အပြစ်တရားအကြောင်းကို သမ္မာကျမ်းစာထဲမှ ကျွန်ုပ်တို့ မိုပိုမိုဖတ်ရှုခြင်း။**

***"သင်တို့ ဒုစရိုက်သည် သင်တို့ကိုဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော် မမူစေခြင်းငှါ။ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။"*** *(ဟေရှာယ ၅၉ း ၂ )*

ဓမ္မသစ်ကျမ်းမှ ကျွန်ုပ်တို့ ဖတ်ရှုခြင်း။

***" သင်တို့သည် အထက်က လောကီတရားတို့ လိုက်၍ အာကာသ ကောင်းကင်၏ တန်ခိုးကို အစိုးရသော မင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သော ဝိညာဉ်၏ အလိုနှင့်အညီ ၊ စရိုက် အပြစ်တို့၌ ကျင်လည်ကြ၍၊ ထိုစရိုက်အပြစ်၌ သေလျှက် ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။ ထိုငြင်းဆန်သော သူတို့နှင့်တကွ ငါတို့ ရှိသမျှသည် အထက်က ကိုယ်ကာယ၏ အလိုသို့ငှင်း၊ စိတ်၏ အလိုသို့ငှင်းလိုက်သဖြင့်၊ ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍ ၊ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူ ဖြစ်ကြ၏။"*** *(ဧဖက် ၂း၁-၃)*

လူတစ်ယောက်၏ အပြစ်ထဲ၌ ကျင်လည်သော အချက်လေးချက်ကို အထက်တွင် ဖော်ပြထားသော ကျမ်းပိုဒ်မှ ရှာဖွေပြီး၊ တွေ့ရှိပါက ထိုစကားလုံး အောက်၌ <u>မျဉ်းကြောင်း</u> ရေးဆွဲပါ။

***"ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား၊ သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ကိလေသာလွန်ကျူးခြင်း၊ ရုပ်ထုကိုကိုးကွယ်ခြင်း၊ သူတပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်***

*ခြင်း၊ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကို ငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှ စ၍ ထိုသို့သောအကျင့် ပေတည်း။ ထိုသို့သော အကျင့်ကို ကျင့်သော သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြဟု အထက်က ငါပြောနှင့် ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏။ "(ဂလာတိ ၅း၁၉-၂၁)*

အထက်ဖော်ပြပါ ကျမ်းပိုဒ် ထဲတွင် ဇာတိအပြစ်၏ သဘောသဘာဝ အကြောင်း ဖော်ပြချက်၌ မျဉ်းကြောင်းရေးဆွဲပါ။

ဤသင်ခန်းစာအရ အပြစ်တရားဆိုသည်မှာ ဘုရားသခင်၏အုပ်စိုးမှုကို ဝန်ခံခြင်း ( ______ ) သို့မဟုတ် မိမိ ကိုယ်ပိုင်အုပ်စိုးခြင်း ( ______ ) တစ်ခုခု အမှန်ခြစ်ပါ။

*" တစ်ဖန် ဥပမာစကားကို မိန့်တော်မူသည်ကား၊ သူဌေးတစ်ဦး၌ မြေကောင်း၍ အသီးအနှံ များလှ၏။ ထိုသူဌေးက၊ ငါသည် အဘယ်သို့ ပြုရမည်နည်း၊ အသီးအနှံများကို သိုထားစရာ အရပ်မရှိ။ ပြုမည် အကြံမူကား၊ ငါ့တိုက်များကို ဖျက်၍ ကျယ်သောတိုက်တို့ကို တည်ပြီးမှ၊ ငါ၏အသီးအနှံ ရှိသမျှတို့ကို သိုထားမည်။ ငါ့ ဝိညာဉ်အားလည်း အချင်းဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာ နေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့၊ ငါပြောမည်ဟု သူဌေးအကြံရှိ၏။ ထိုသို့အကြံ ရှိစဉ်တွင် ဘုရားသခင်က၊ အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ ဝိညာဉ်ကို ရုတ်သိမ်းရာ အချိန်ရောက်လိမ့်မည်။ သို့ ဖြစ်၍ သင်သည် ပြင်ဆင် သိုထားသောဥစ္စာကို အဘယ်သူ ပိုင်မည်နည်းဟု သူဌေးအား မိန့်တော်မူ၏။ ထိုအတူ ကိုယ်အဘို့ ဘဏ္ဍာများကို ဆည်းဖူး၍ ဘုရားသခင် ရှေ့တော်၌ ဆင်းရဲသောသူမည်သည်ကား၊ ထိုသူဌေးနှင့် တူသည်ဟု မိန့်တော်မူ၏။" (လုကာ ၁၂း၁၆-၂၁)*

အထက်ဖော်ပြပါ ကျမ်းပိုဒ်ထဲတွင် ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော နာမ်စားများကို မျဉ်းကြောင်းရေးဆွဲပါ။ (ဥပမာ ထိုသူဌေး၊ ငါ၊ ငါ့ ၊ ကိုယ်)

ထိုသူဌေးသုံးသော စကားလုံးများသည် အတ္တအုပ်စိုးမှုအောက်၌ရှိခြင်း သို့မဟုတ် ကိုယ့်ကိုကိုယ် အဓိက ထားခြင်းကို ဖော်ပြနေပါသည်။ ထိုအရာသည် ကြီးမားသော အပြစ်ပင် ဖြစ်ပါသည်။

သို့သော်လည်း မိတ်ဆွေအတွက် သတင်းကောင်း ရှိပါသည်။
သမ္မာကျမ်းစာက (၁ ယောဟန် ၃း၄-၅) ထဲတွင် ဖော်ပြထားသည်မှာ -

***"ဒုစရိုက်ကို ပြုသောသူမူကား၊ ပညတ်တော်ကို လွန်ကျူး၏။ ဒုစရိုက်သည်ကား ပညတ်တော်ကို လွန်ကျူးခြင်း ဖြစ်သတည်း။ ကိုယ်တော်သည် ငါတို့၏ အပြစ်များကို ဆောင်သွားခြင်းငှါ ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။ ကိုယ်တော်၌လည်း အပြစ် မရှိ။"***

နောက်သင်ခန်းစာကို ဆက်လက်မလေ့လာမီ ကျေးဇူးပြု၍ (ရောမ ၃း၂၃) ကို အလွတ်ကျက်မှတ်ပါ။

## သင်ခန်းစာ (၂)

## လူ၏ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်

လူတစ်ယောက်၏ အဓိကပြဿနာသည် အပြစ်ဖြစ်ကြောင်း သင်ခန်းစာ (၁) တွင် လေ့လာခဲ့ပြီးဖြစ်ပါသည်။

၁။ (ယောဟန် ၁၆း၉) တွင် အပြစ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သိရှိရသည်မှာ ________________________________ ဖြစ်ပါသည်။

၂။ သခင်ယေရှု မိန့်တော်မူသည်ကား ကိုယ်တော်ကို မယုံကြည်သောသူသည် ________________လိမ့်မည်။ (ယောဟန် ၈း၂၄)

သမ္မာကျမ်းစာက ပြောသည်မှာ **"အပြစ်တရား၏ အခကား သေခြင်း။"**
**(ရောမ ၆း၂၃)**

သေခြင်းဟူသော စကားလုံး၏ ဆိုလိုရင်းက ဒုတိယသေခြင်းကို ပြောခြင်း ဖြစ်ပါသည်။ တစ်နည်းကား ထာဝရဘုရားသခင်နှင့် ခွဲခွာခြင်း ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲတွင် တွေ့နိုင်ပါသည်။

***"ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား၊ ဒုတိယသေခြင်း တည်းဟူသော မီးကန့်နှင့် လောင်သော မီးအိုင်ထဲ၌ မိမိတို့အဘို့ကိုရကြလိမ့်မည်ဟူ၍ငှင်း***

*ငါ့အားမိန့်တော်မူ၏။ “ (ဗျာဒိတ် ၂၁း၈)*

၃။ ဘုရားသခင်သည် အပြစ်သားများအပေါ် မည်ကဲ့သို့ သဘောထားရှိပါသနည်း။ (ရောမ ၅း၈၊ အောက်တွင်ဖော်ပြထားသည်)

____________________________________________________

*“ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည် ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။” (ရောမ ၅း၈)*

၄။ (ရှင်ယောဟန် ၃း၁၆)ကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် သူ့ရဲ့ ချစ်ခြင်းမေတ္တာကို အပြစ်သားများအတွက် မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။

____________________________________________________

***ကျမ်းစာလာသည်ကား*** *“ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍၊ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင်အထံတော်သို့ ပို့ဆောင်ခြင်းငှာ၊ ဖြောင့်မတ်တော်မူသောသူသည်၊ မဖြောင့်မတ်သော သူတို့အတွက်၊ ဒုစရိုက်အပြစ်များကြောင့် တခါခံတော်မူ၏။” (၁ ပေတရု ၃း၁၈)*

၅။ ယေရှုကြွလာတော်မူသည်ကို ယောဟန်သည် မြင်လျှင်၊ ဤလောက၏ ____________________ကို ဆောင်သွားသော ________________ကို ကြည့်လော့။ (ယောဟန် ၁း၂၉)

ဓမ္မဟောင်းခေတ်၌ အပြစ်အနာအဆာနှင့် ကင်းသောသိုးသငယ် (ငယ်သောသိုး)ကို သတ်ပြီး ယဇ်ပူဇော်ကြသည်။ (အပြစ်ကင်းသော အစားထိုးခြင်းဖြင့်) လူသားများ၏ အပြစ်များအတွက် အကြွေးပေးဆပ်ဖို့ရန်ဖြစ်သည်။ ဤအရာသည် သခင်ခရစ်တော်ကို ပုံဆောင်ထားခြင်းဖြစ်သည်။ ခရစ်တော်သည် ဤလောကသို့ ကြွလာတော်မူသော ဘုရားသခင်၏ စစ်မှန်သော သိုးသငယ် ဖြစ်သည်။

၆။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖော်ပြထားသော သခင်ခရစ်တော်၏အသေခံခြင်းအကြောင်းကိုဖတ်ပါ။ လူသားများ၏ ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်ကို ကြည့်ပါ။ (ယော ၁၉း၁-၃၇)

၇။ ယေရှုခရစ်တော်သည် အဘယ်ကြောင့် လက်ဝါးကပ်တိုင်၌ အသေခံရသနည်း။ (ယောဟန် ၁း၂၉) ____________________

၈။ ခရစ်တော်ကို အမှုစစ်ဆေးသောအခါ သူ၌ တွေ့ရှိရသည်မှာ (ယောဟန် ၁၉း၄) အပြစ်ရှိခြင်း ____________
အပြစ်မရှိခြင်း ____________
(အဖြေမှန်ကို အမှန်ခြစ်ပါ)

၉။ ခရစ်တော်သည် မည်ကဲ့သို့ အသေခံသနည်း။ (ယောဟန် ၁၉း၁၇-၁၈)

____________________

၁၀။ ခရစ်တော်သည် အဘယ်ကြောင့် ကျွန်ုပ်တို့ကိုယ်စား အသေခံခြင်းကို ရွေးချယ်ခဲ့သနည်း။ (ယောဟန် ၁၅း၁၂-၁၃)

____________________

၁၁။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းသည် -(ယောဟန် ၁၀း၁၇-၁၈) (အောက်ပါကွပ်လပ်အနက် အမှန်တခုကို ခြစ်ပါ)
____________ သူ့ကို အတင်းခိုင်းခြင်းကြောင့်။
____________ သူကိုယ်တိုင် ရွေးချယ်ခြင်း။

၁၂။ သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသောအခါ ကျွန်ုပ်တို့ အပြစ်အတွက် သူ၏ ပေးဆပ်ခြင်းအတွက် မည်သည့် စကားလုံးများကို ဖော်ပြခဲ့ သနည်း။ (ယောဟန် ၁၉း၃၀)

____________________

၁၃။ ခရစ်တော် အသေခံခြင်းအားဖြင့် မည်သည့်ကြီးမားသောအရာကို ဖြစ်ပေါ်စေသနည်း။ (ယောဟန် ၂၀း၉)

____________________

၁၄။ ကျွန်ုပ်တို့ အပြစ်ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်သည် ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်မှာ ____________ ခံခြင်းအားဖြင့် ဖော်ပြပြီးသား ဖြစ်ပါသည်။ (ယောဟန် ၁၉း၃၀)

၁၅။ အဘယ်ကြောင့် ဘုရားသခင်သည် သားတော် သခင်ခရစ်တော်ကို ကျွန်ုပ်တို့နေရာ၌ အစားထိုးသနည်း။။ အကျိုးအကြောင်း နှစ်ချက်ဖော်ပြပေးပါ။ (ယောဟန် ၃း၁၆) ________________________________________

________________________________________

ခရစ်တော်အသေခံခြင်းအကြောင်းနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ကျမ်းချက်များကို ဖတ်ရှု ပါ။

*"ငါသည် ကိုယ်တိုင်ခံယူသည် အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ် ပြီးမှ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက် တော်မူ၏။ " (၁ကော ၁၅း၃-၄)*

အထက်တွင် ဖော်ပြထားသော ကျမ်းချက်ထဲမှ ခရစ်တော်နှင့် သက်ဆိုင်သော အလွန် အရေးကြီးသည့် အချက်သုံးချက်ကို မျဉ်းကြောင်းရေးဆွဲပါ။

ကျမ်းစာပြောသည်ကား -

*"ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်း ပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။ ယဇ်ပုရောဟိတ်မည်သည်ကား၊ နေ့တိုင်း ဝတ်ပြုလျက်၊ အပြစ်ကို မဖြေနိုင်သော ယဇ်ကို အထပ်ထပ်အဖန်ဖန် ပူဇော်လျက် ရပ်နေရ၏။ ထိုသခင်မူကား၊အပြစ်ကို ဖြေခြင်းငှာ ယဇ်တခုတည်းကိုပူဇော်ပြီး မှစ၍ ဘုရားသခင်၏ လက်ျာ်တော်ဘက်၌ အစဉ်အမြဲထိုင်၍" (ဟေဗြဲ ၁၀း၁၀-၁၂)*

*"အခြားသောယဇ်ပုရောဟိတ်မင်းတို့သည် ကိုယ်အပြစ်ကြောင့်၄င်း၊ လူအများအပြစ်ကြောင့်၄င်း၊ နေ့တိုင်း ယဇ်ပူဇော်ရသကဲ့သို့ ထိုသခင်သည် ယဇ်ပူဇော်စရာအကြောင်းမရှိ။ အဘယ်ကြောင့် နည်းဟူမူကား၊ မိမိကိုယ်ကို တစ်ခါတည်း ယဇ်ပူဇော်၍ ထိုအမှုကိုပြီး စေတော်မူပြီ။" (ဟေဗြဲ ၇း၂၇)*

ထိုသခင်မူကား၊ အပြစ်ကို ဖြေခြင်းငှာ ယဇ်________________
တည်းကို ပူဇော်ပြီးမှ စ၍ ပူဇော်သောအားဖြင့်
________________သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။

၁၆။ အချုပ်အားဖြင့် ယောဟန် ၃း၁၆ -၁၈ ကိုဖတ်ပါ။

ဤကျမ်းပိုဒ်များအားဖြင့် ဘုရားသခင်သည် မိမိ၏သားတော်ကို ကျွန်ုပ်တို့အတွက် ပေးဆပ်ခြင်းကို သိရှိနိုင်ပါသည်။ ထို့အပြင် လူတစ် ယောက်သည် ထာဝရအသက်ကို ရရှိရန်အတွက် သားတော်ကို ____________________ ရမည်။

နောက်သင်ခန်းစာအတွက် ဆက်လက် လေ့လာရန် ပြင်ဆင်ပါ။ အဘယ် ကြောင့်ဆိုသော် မိတ်ဆွေအတွက် သတင်းကောင်း ရှိနေပါသည်။ သင်၏အသိ မိတ်ဆွေ၊ သူငယ်ချင်းများကိုလည်း ထိုသတင်းကောင်းကို ဝေငှပါ။

နောက်သင်ခန်းစာ တစ်ခု ဆက်လက်၍ မသွားမီ (ရောမ ၅း၈) ကို အလွတ်ကျက်ထားပါ။

## သင်ခန်းစာ (၃)
## လူ၏ တုံ့ပြန်မှု

၁။ ပညာရှိသော လူများသည် မည်သည့် အရေးကြီးသော မေးခွန်းကို မေးသင့် သနည်း။ (ယောဟန် ၁၈း၃၈)

__________________________________________________________

၂။ သခင်ခရစ်တော် ဆုတောင်းသည်မှာ ကိုယ်တော်၏ __________________ ____________________ သည် သမ္မာတရားဖြစ်ပါ၏။ (ယောဟန် ၁၇း၁၇)

၃။ ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ ______________ လည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။ (ယောဟန် ၁၄း၆)

၄။ ယေရှုက ____________________ နှင့် စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို နားထောင်ကြသည်ဟု မိန့်တော်မူ၏။ (ယောဟန် ၁၈း၃၇)

၅။ သခင်ယေရှုကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်မခံသောသူ တစ်ယောက် အား သခင်ယေရှု မိန့်တော်မူသည်မှာ နောက်ဆုံးသောနေ့၌ ထိုသူအား ____________________ လိမ့်မည်။ (ယောဟန် ၁၂း၄၈)

၆။ ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည် မယုံကြည်လျှင် __________________ ၌ သေကြလိမ့် မည်ဟု မိန့်တော်မူ၏။ (ယောဟန် ၈း၂၄)

၇။ သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် ________________ မည်ဟု ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏။ (ယောဟန် ၈း၃၂)

၈။ ထို့ကြောင့် ________________ သင်တို့ကို လွှတ်လျှင်၊ သင်တို့သည် ဧကန် အမှန် လွတ်ကြလိမ့်မည်။ (ယောဟန် ၈း၃၆)

၉။ ယေရှုက၊ **"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့___________ကို ___________ ၍ ငါ့ကို စေလွှတ်တော်မူသောသူကို ______________ သောသူသည် ထာဝရအသက်ကိုရသည် ဖြစ်၍ ___________ ခြင်းကို မခံရ။___________ မှ___________ ခြင်းသို့ ကူးပြောင်းသူဖြစ်၏။ (ယောဟန် ၅း၂၄)**

၁၀။ ____________ကြောင့် လူသားအားလုံးသည် စီရင်ချက်ခံရမည်မှာ ဧကန် မှန်ပေ၏။ (ရောမ ၆း၂၃) အောက်ပါဖော်ပြချက်။

*"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ် အားဖြင့် ထာဝရ အသက်ပေတည်း" (ရော ၆း၂၃)*

၁၁။ လူ၏ အပြစ်ပြဿနာအတွက် ဘုရားသခင်၏ ဖြေရှင်းချက်မှာ _____ ____________ ကို လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံတော်မူခြင်းပေတည်း။ (ယောဟန် ၃း၁၇)

**ကျမ်းစာလာသည်ကား -**

*" ဆိုးသောသူသည် မိမိလမ်းကိုင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုင်း၊ စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်း လဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ ဘုရားသခင်ထံ တော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူ လိမ့်မည်။ (ဟေရှာယ ၅၅း၇)*

၁၂။ အောက်ဖော်ပြပါ ကျမ်းချက်တွင် လောကီသားတို့သည် ဘုရားသခင် ၏ နိုင်ငံတော်သို့ ဝင်နိုင်ရန် သခင်ယေရှုက မည်ကဲ့သို့ ပြောခဲ့သနည်း။ အဲ-က အချက်နှစ်ခုကို မျဉ်းသားပေးပါ။

*"ယောဟန်သည် ထောင်ထဲသို့ ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြ လော့၊ ဧဝံဂေလိ တရားကို ယုံကြည်ကြလော့*

*ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏" (မာကု ၁:၁၄-၁၅)*

၁၃။ ဘုရားသခင့် ထံတော်၌ ကျွန်ုပ်တို့သည် အပြစ်မှ နောင်တရဖို့ လိုအပ်ပါသည်။ အကြောင်းမူကား၊ ကျွန်ုတို့သည် _______________ ဖြစ်ကြ၏။

*"ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် မြတ်သလောဟု မေးမြန်းသော်၊ အလျှင်းမမြတ်၊ အကြောင်းမူကား၊ ယုဒလူ၊ ဟေလသ လူအပေါင်းတို့သည် အပြစ်ရှိကြောင်းကို အထက်က ပြခဲ့ပြီ။"* ***(ရောမ ၃:၉)***

၁၄။ ယောဘသည် သူ၏ အသက်တာ၌ နောင်တရလာသောအခါ မည်ကဲ့သို့သော သဘောထားမျိုး သူ့ကိုယ်သူ ဝန်ခံခဲ့သနည်း။

_______________________________________________

*"ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်ကို ရွံရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍နောင်တရ ပါ၏ဟု လျှောက်လေ၏။"* ***(ယောဘ ၄၂:၆)***

၁၅။ လူတစ်ယောက်က မိမိ၏ အပြစ်မှနောင်တရလာပြီးနောက် မည်သည့် အရာကို ရွေးချယ်ပြီး မည်သည့်အရာကို အဓိကထားသနည်း။

_______________________________________________

*"ငါတို့သည် သင်တို့အထဲကို အဘယ်သို့ဝင်ကြသည် အကြောင်း အရာကို သူတို့သည် ကိုယ်တိုင်ကြားပြောကြ၏။ အသက်နှင့် ပြည့်စုံ လျက် မှန်တော်မူသော ဘုရားသခင်၏ အမှုတော်ကို သင်တို့သည် ဆောင်ခြင်းငှာငင်း"*
***(၁ သက်သာလောနိတ် ၁:၉)***

၁၆။ (မဿဲ ၃:၈) အတိုင်း၊ ဗတ္တိဇံဆရာယောဟန်သည် အပြစ်မှ နောင်တရသော သူတစ်ယောက်ကို ပြောင်းလဲသော အသက်တာမျိုးနှင့် မြင်စေချင်ပါသလား။

_______________________________________________

*"နောင်တရခြင်းနှင့်ထိုက်တန်သော အကျင့်ကိုကျင့်ကြလော့"။*
***(မဿဲ ၃:၈)***

နောင်တရခြင်းဆိုသည်မှာ ဘုရားသခင်၏ သန့်ရှင်းသော ပညတ်တော်ကို ချိုးဖောက်ခြင်းမှ သော်လည်းကောင်း၊ အမှားကို ပြုလုပ်ခြင်းမှသော် လည်းကောင်း၊ ဘုရားသခင်ကို မိမိ၏ ရန်သူအဖြစ် သတ်မှတ်ခြင်းတို့မှ အမှားကို မြင်၍ အမှန်ကို ဝန်ခံပြီး နားလည် သဘောပေါက်ခြင်း ဖြစ်ပါသည်။ သင်သည် အပြစ်မှ နောင်တရ လာသောအခါ သင်၏ ရွေးချယ်မှုသည် ပြောင်းလဲသော အသက်တာမျိုးဖြစ်ပြီး၊

အပြစ်ထဲ၌ ဆက်လက်ပြီး အသက် မရှင်ခြင်းသာ ဖြစ်ပေသည်။ စစ်မှန်သော နောင်တရခြင်းသည် အသက်တာ ၌ အမှန်တကယ် ပြောင်းလဲခြင်းကို ဆိုလိုသည်။
၁၇။ လူတစ်ယောက်သည် အပြစ်မှ နောင်တရခြင်း သာမက၊ ခရစ်တော်ကိုလည်း မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် _______________ ရမည်။ (ယောဟန် ၃း၁၈)
၁၈။ ထာဝရအသက် ရနိုင်ဖို့အတွက် ဘုရားသခင် ကတိတော်ပေးထားသည်မှာ (ယောဟန် ၃း၃၆)။ အောက်ပါ အဖြေမှန် တစ်ခုကို ခြစ်ပါ -

ကောင်းသောသူများသာလျှင်၊ ( ______ )

သားတော်ကို ယုံကြည်သောသူသာလျှင်၊ ( ______ )

၁၉။ အကယ်၍၊ ကျွန်တော်သည် ခရစ်တော် မိန့်တော်မူသော စကားကို လက်ခံပြီး ယုံကြည်လျှင် - (ယောဟန် ၅း၂၄)

မည်သည့်အရာကို ကျွန်ုပ်ပိုင်ဆိုင်ရသနည်း။ _______________

မည်သည့်အချိန်၌ လက်ခံရရှိမည်နည်း။ ____________________

၂၀။ ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ___________ သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ (ယောဟန် ၁း၁၂)

"ကျွန်တော်/ကျွန်မ ယုံကြည်ပြီးပြီ" ဟူ၍ လူတစ်ချို့က ပြောပါလိမ့်မည်။ ဘယ်လိုပဲပြောပြော သမ္မာကျမ်းစာပြောလိုသည့် ယုံကြည်ခြင်း၏ အဓိပ္ပါယ်သည် သာမန် (အပေါ်ယံ ရိုးရိုးလေး) ယုံကြည်ခြင်းထက် သာ၍ ပိုမိုနက်ပါ၏။ ဆိုလိုရင်းမှာ လူတစ်ယောက်က **စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ခြင်း** ဖြစ်ပါသည်။

ကယ်တင်ခြင်း အတွက် သခင်ယေရှုကို ယုံကြည်ခြင်းသည် နိုင်ငံတကာ သူရဲကောင်းများကို ယုံကြည်ခြင်းရခြင်းနှင့် တစ်ကယ့်ကို ခြားနားလှ၏။ သားတော်ကို သိနားလည်ခြင်းနှင့် ယုံကြည်ခြင်းသည် ပုံမှန်ထက်သာ၍ မြင့်မြတ်ပါ၏။ အပြစ်ဒုစရိုက်မှောင်မိုက် ထဲမှ နောင်တ စိတ်နှလုံးအပြည့်နှင့် သခင်ခရစ်တော်ကို မိမိ၏ အသက်သခင်အဖြစ် လက်ခံ ယုံကြည်ခြင်းကို ဆိုလိုပါသည်။

**ယုံကြည်ခြင်း**၏ဆိုလိုရင်းမှာ ခရစ်တော်ထံသို့ **ကိုကိုယ်တိုင် တိုက်ရိုက်** လာဖို့အလိုငှါနှင့် ကယ်တင်ခြင်းအတွက် ယုံကြည်ရဖို့ကို ဆိုလိုခြင်းဖြစ်၏။

တိုင်းပြည်ထဲမှ ခရစ်ယာန် အမျိုးနွယ် လူတိုင်းနီးပါးက ဘုရားသခင်နှင့် သခင်ယေရှုကို ယုံကြည်သည်ပြောဆိုကြသော်လည်း၊ သမ္မာကျမ်းစာက ဖော်ပြထားသည်မှာ နတ်ဆိုးကလည်း ယုံကြည်၏။ ဟုတ်တာပေါ့၊ သူသည် ခရစ်ယာန်

တစ်ယောက် မဟုတ်ပါ။ ထိုသူသည် ကောင်းကင်ဘုံသို့ သွားရလိမ့်မည် မဟုတ်။

*"ဘုရားသခင် တစ်ဆူတည်းရှိသည်ဟု သင်သည်ယုံ၏။ ကောင်းပေ ၏။ နတ်ဆိုးတို့သည် ယုံ၍ကြောက်ရွံ့တုန်လှုပ်ကြ၏။"* **(ယာကုပ် ၂း၁၉)**

နတ်ဆိုးများသည် ဘုရားသခင်ရှိသည်ဟု ယုံကြည်ပါသည်။ နတ်ဆိုး သည် ယေရှုကို ဘုရားသခင်၏သားတော် ဟူ၍လည်းယုံကြည်ပါ၏။ သို့သော် စစ်မှန်သော ယုံကြည်ခြင်းသာ ကယ်တင်ခြင်းသို့ ပို့ဆောင် နိုင်သည်ဟု ဆိုရာတွင် သခင်ခရစ်တော်ကို အမှန်တကယ် အပြည့်အ၀ ယုံကြည်ခြင်းကို ဆိုလိုပါသည်။ ကယ်တင်ပိုင်ရှင်သခင်အဖြင့် ဆိုလိုရင်းမှာ သခင်ခရစ်တော်ထံသို့ မိတ်ဆွေ၏ ဘ၀တစ်ခုလုံးအတွက် ၀န်ခံပြီး အပ်နှံ ခြင်းသာ ဖြစ်ပါသည်။

မိမိကိုယ်တိုင် ယုံကြည်ခြင်းဖြင့် ထာ၀ရအသက်ရခြင်းကြောင့် မိမိ အသက်တာကို သခင်ယေရှု ထံတော်၌ ပို၍ စိတ်ချ ယုံကြည်အပ်နှံလာမည်။ ထိုနောက် ခရစ်တော်၏ နောက်တော်သို့ လိုက်နိုင်ဖို့ မိမိ အသက်တာကို ဆက်ကပ် အပ်နှံလုပ်ဆောင်လာမည် ဖြစ်ပါသည်။

ထပ်မံဖတ်ရှုရန် (ယော ၁း၁၂၊ ယော ၃း၁၅-၁၆၊ ၁၈း၃၆၊ ယော ၅း၂၄၊ ၈း ၁၂ နှင့် ၁၄း၆)

ယုံကြည်ခြင်းနှင့် ပတ်သက်၍ ဖော်ပြ ရည်ညွှန်းချက်များသည် (ယုံ ကြည်သူအတွက်) အထက်ဖော်ပြပါ ကျမ်းချက်များအရ တစ်ဦးတည်း သော ပုဂ္ဂိုလ်ကိုသာ အားလုံး ရည်ညွှန်းထားကြောင်း တွေ့နိုင်ပါသည်။

သမ္မာကျမ်းစာအတိုင်း ထာ၀ရအသက်ပေးနိုင်သောသူ တစ်ဦးတည်းသာ ရှိပါသည်။ (မှန်ကန်သော အမည်ကို အမှန်ခြစ်ပါ။)

ပေတရု ( ______ )
ပေါလု ( ______ )
ယောသပ် ( ______ )
မာရိ ( ______ )
ယေရှု ( ______ )

***"ထိုသခင်၏ နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ် မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။"*** *(တမန်တော် ၄း၁၂)*

နောက်သင်ခန်းစာ မသွားမီ (ရှင်ယောဟန် ၅ း၂၄) ကို အလွတ်ကျက်မှတ်ပါ။

# သင်ခန်းစာ (၄)

## အသစ်သော အသက်တာကို လိုလားသော လူတစ်ယောက်

ပြန်လည်လေ့လာရန် (သင်ခန်းစာ ၁ မှ ၃)

### အခြေခံကျကျ ယုံကြည်မှုအကြောင်း

သင်ခန်းစာ (၁) ။ ။လူသားများ၏ အဓိကကျသောပြဿနာသည် __________ ဖြစ်သည်။ (အောက်ပါဖော်ပြချက်၊ ရောမ ၃း၂၃)

***"အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။"***

သင်ခန်းစာ(၂)။ ။ဘုရားသခင်၏ အကြီးမားဆုံးသော လက်ဆောင်သည် ________________ ဖြစ်သည်။ (ရှင်ယောဟန် ၃း၁၆)

သင်ခန်းစာ (၃)။ ။လူ၏အကြီးမားဆုံးသော တုံ့ပြန်မှုတို့မှာ _____________ နှင့် ______________ ဖြစ်သည်။ (ရှင်မာကု ၁း၁၄-၁၅)

၁။ (ရှင်ယောဟန် ၃း၁-၂၁) ကို သေချာစွာ ဖတ်ရှုပါ။

၂။ ခရစ်တော်နှင့် တွေ့ရခြင်းငှါ သွားသော လူတစ်ဦး၏ အမည်ကို ဖော်ပြပါ။

______________________________

၃။ ဤနေရာမှာ သိသာ ထင်ရှားသော အချက်မှာ နိကောဒင်သည် ကလေးသူငယ်လား ( ____ )၊ အရွယ်ရောက် ( ______ ) တစ်ခုကို အမှန်ခြစ်ပါ။

၄။ ယုဒလူတို့တွင် အရာရှိဖြစ်သော နိကောဒင် အမည်ရှိသော ___________ တယောက်သည်။ (ရှင်ယောဟန် ၃း၁)

### ရှင်းလင်းချက်

သခင်ယေရှုခေတ်တွင် ဖာရိရှဲတို့သည် ယုဒလူတို့၏ ဘာသာရေး တွင် အင်မတန်အရေးပါသူ အဓိကကျသော သူများဖြစ်ပါသည်။ သူတို့သည် မောရှေ၏ ပညတ်ကျမ်းများအပြင် အခြားသော တရားများကိုပါ ရာစုအလိုက် စောင့်ရှောက်ပြီး ကျင့်သုံးသူများဖြစ်ကြပါသည်။

၅။ နိကောဒင်သည် ဘာသာရေးကိုင်းရှိုင်းသော ပုဂ္ဂိုလ် တစ်ယောက်ဖြစ်သည်။

မှန် ( ______ ) ၊ မှား ( ______ )

၆။ နိကောဒင်သည် ဘာသာရေးကိုင်းရှိုင်းသော မိသားစုထဲမှ မွေးဖွားသော ငြားလည်း လုံလောက်မှု မရှိသေးကြောင်း သခင်ယေရှုသည် မိန့်တော်မူ၏။

နိကောဒင်အား ______________________ ခြင်းကို အမှန် ခံရမည်ဟု သခင်ယေရှုသည် မိန့်တော်မူ၏။ (ယောဟန် ၃း၇)

၇။ နိကောဒင်သည် ရိုးသားစွာ ဘာသာရေးကိုင်းရှိုင်းသောသူ ဖြစ်သော်လည်း ဒုတိယ မွေးဖွားခြင်းကို မခံယူမချင်း သူသည် ______________ ______________ ကို မမြင်ရ။ (ရှင်ယောဟန် ၃း၃)
၈။ (ရှင်ယောဟန် ၃း၃) အတိုင်း ဒုတိယမွေးဖွားခြင်းကို မခံယူသောသူ တစ်ယောက်သည် ကောင်းကင်နိုင်ငံတော်သို့ သွားနိုင်မည်နည်း။

သွားနိုင်သည် ( ______ )၊ မသွားနိုင် ( ______ )

၉။ နိကောဒင်သည် ကောင်းသောသူ၊ ဘာသာရေးကို လက်တွေ့ ကျင့်သုံးသောသူ ဖြစ်သော်ငြားလည်း ____________________________ ခြင်းကို မခံသောကြောင့် ဘုရားသခင်၏အိမ်တော် သားဖြစ်ခွင့်ကို မရရှိပါ။ (ရှင်ယောဟန် ၃း၃)
၁၀။ နိကောဒင်သည် ဒုတိယမွေးဖွားခြင်းအကြောင်းကို နားလည်ခဲ့သလား။ (ယောဟန် ၃း၄ ၊ ၉-၁၀ )

နားလည် ( ______ ) ၊ နားမလည် ( ______ )

၁၁။ ယုဒလူတို့သည် သူတို့ကို ဘုရားသခင် ရွေးကောက်ထားသော သူများ အဖြစ် နားလည် သဘောပေါက်သည်။ ဘုရားသခင်သည် သူတို့ထဲမှ ပရောဖက်အရာ၌ လည်းကောင်း၊ယဇ်ပရောဖက်ကြီးများအဖြစ်လည်းကောင်း၊ မင်းအရာ၌ လည်းကောင်း ရွေးနှုတ်ထားပါသည်။ နောက်ဆုံး၌လည်း ယုဒလူမျိုး အဆက်ဆက်ကို သုံးပြီး ကယ်တင်ရှင်အဖြစ် သခင်ယေရှုကို စေလွှတ်ပါသည်။ နိကျွောင်သည်လည်း သူ့ကိုယ်သူ ယုဒလူဖြစ်သောကြောင့် ဘုရားသခင်၏ နိုင်ငံတော်သည် သူ့ အတွက်လည်း ဖြစ်သည်ဟု ထင်မှတ်ရခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်က ဒုတိယမွေးခြင်းသည် အဓိကဖြစ်သည်ဟု မိန့်တော်မူ၏။ ဒုတိယ မွေးခြင်း ဆိုသည်ကား ____________________________ အားဖြင့်သာ ဖြစ်ပါသည်။ (ရှင်ယောဟန် ၃း၅ )

**အရေးကြီးသောအချက်။** ။(ယောဟန် ၁း၁၂-၁၃)ကို သေချာစွာ ဖတ်ရှုကြည့်ပါက လူတစ်ယောက်သည် ဇာတိပကတိ မွေးခြင်းအားဖြင့် ဘုရားသခင်၏ သားတော်ဖြစ်ခွင့် မရနိုင်ပါ။သို့သော်လည်း ဘုရားသခင်ကို ယုံကြည်အားကိုးခြင်းဖြင့်သာ ရရှိနိုင်ပါသည်။

၁၂။ (ယောဟန် ၃း၄)ထဲမှာ နိကောဒင်သည် ဘယ်လိုမျိုး မေးဖွားခြင်းကို ဆိုလိုသနည်း။

________________________________ _______________

၁၃။ (ယောဟန် ၃း၆) ထဲမှာ သခင်ယေရှုက မွေးဖွားခြင်း နှစ်မျိုးအကြောင်း မိန့်တော်မူ၏။ ၄င်းတို့မှာ _______________ နှင့် _______________ ဖြစ်ပါသည်။

၁၄။ (ယောဟန် ၃း၅) ထဲတွင် သခင်ယေရှုပြောသော မွေးဖွားခြင်းသည် _______________နှင့်_______________ မွေးဖွားခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ သိမြင်နိုင်ပါသည်။

**မှတ်ရန်။** ။ ရေနှင့် မွေးဖွားခြင်းသည် ဇာတိ မွေးဖွားခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးသူငယ်သည် သူ၏ အမိဝမ်းထဲမှ ရှိနေစဉ် မှာလည်း ရေနှင့်ထည့်သိုထားခြင်းကို ခံယူရပါသည်။

၁၅။ နိကောဒင်သည် ဘုရားသခင်၏သား မဖြစ်မီ၌ ဇာတိပကတိနှင့် မွေးဖွားရမည်။ ထိုမှုမက သူသည် ________________________________ နှင့်မွေးခြင်းကို ခံယူရမည်ဟု သခင် ခရစ်တော်မိန့်တော်မူ၏။ (ယောဟန် ၃း၅-၆)

၁၆။ ဇာတိပကတိမွေးခြင်းသည် ဇာတိအားဖြင့်သာ ဖြစ်ပါသည်။ သို့သော် ဝိညာဉ်မွေးခြင်းသည် _____________ ဖြင့်သာ ဖြစ်ပါသည်။ (ယောဟန် ၃း၆)

၁၇။ ဇာတိပကတိမွေးဖွားခြင်း၏အရင်းအမြစ်သည် ဇာတိ ဖခင်အားဖြင့်သာ ဖြစ်ပါသည်။ ဝိညာဉ်မွေးဖွားခြင်း၏ အရင်းမြစ်သည် ____________________ မှသော သားဖြစ်သည်။ (ယောဟန် ၁း၁၃)

၁၈။ (ယောဟန် ၃း၁၅-၁၆) ၏ ရှင်းပြချက်မှာ လူတစ်ယောက်၏ ဒုတိယ မွေးဖွားခြင်းအရာမှာ အောက်ပါဖော်ပြသော အချက်တစ်ခုဖြင့်သာဖြစ် ပါသည်။

(အောက်ပါကွက်လပ်သုံးခုအနက် တစ်ခုသာ အမှန်ခြစ်ပါ)

( ________ ) ကောင်းမှုကိုလုပ်ခြင်းဖြင့်

( ________ ) နှစ်ခြင်းမင်္ဂလာခံယူခြင်းဖြင့်

( ________ ) သခင်ယေရှုကို ယုံကြည်ခြင်းဖြင့်

**ဆွေးနွေးရန်အတွက်**

၁။ နိကောဒင်သည် အဘယ်ကြောင့် သခင်ယေရှုဆီသို့ သွားသနည်း။

_____________________________________ __________________

၂။ နိကောဒင်သည် . . (အဖြေမှန်ကို ခြစ်ပါ )

(က) ဘာသာရေးသမား ( __________ )

(ခ ) မကောင်းသောလူ ( __________ )

(ဂ) ပညာရှိသောသူ ( __________ )

(ဃ) သမ္မာတရားကို ရှာဖွေသောသူ ( __________ )

(င) အသစ်မွေးဖွားခြင်းကို လိုအပ်သောသူ ( __________ )

၃။ နှစ်ခြင်းမင်္ဂလာဟူသော စကားလုံးသည် နိကောဒင်အကြောင်းနှင့် ပတ်သက်၍ တွေ့ရခြင်းဖြစ်သလား။ မှန် ( ______ ) ၊ မှား ( ______ )

(အကယ်၍ သင်၏ အဖြေသည် "မှန်" ဖြစ်ပါက၊ ၄င်းကျမ်းပုဒ် အမှတ်ကိုလည်း ဖော်ပြပေးပါ။)

၄။ သမ္မာကျမ်းစာအရ ၊ကောင်းကင်ဘုံသွားချင်သူမှန်သမျှသည် ဒုတိယ မွေးခြင်းကို ခံရမည်။ မှန် ( ______ ) ၊ မှား ( ______ )

၅။ ဒုတိယမွေးခြင်းကို ခံယူသောသူ တစ်ယောက်သည် ဘုရားသခင်၏သား (ဘုရားသခင်၏ နိုင်ငံတော်သား) ဖြစ်လာသည်။ ဤအရာသည် လူတစ်ယောက်က သခင်ခရစ်တော်ကို ________________ အချိန်မှဖြစ်ပါသည်။ (ယောဟန် ၁း၁၂)

***မည်ကဲ့သို့ သခင်ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် လက်ခံရရှိမည်နည်း။***

ပထမဦးစွာ မယုံကြည်နိုင်၏ အပြစ်အကြောင်း နားလည်သဘောပေါက်ရမည်။ (အပြစ်ဆိုသည်မှာ မိမိအသက်တာ၌ အတ္တအုပ်စိုးခြင်းနှင့် ဘုရားသခင်ကို ပုန်ကန်ခြင်း ဖြစ်ပါသည်။)

ထိုသို့ နောင်တရခြင်း ဇောက်နအမှန် ရှိရမည်။ နောင်တရခြင်းဆိုသည်မှာ တကယ်ဝမ်းနည်းလျှခြင်းနှင့် (မိမိကို မိမိအုပ်စိုးမှုအတ္တ) ဒုစရိုက်အပြစ်ထဲမှ ဝေးဝေးရာသို့ လှည့်ပြန်ခြင်း ဖြစ်သည်။

ထိုနောက် ယုံကြည်ခြင်းဖြင့် သခင်ခရစ်တော်ကို လက်ခံအားကိုးခြင်း ဖြစ်ပါသည်။ သခင် ခရစ်တော်ကို မိမိ၏ ကယ်တင်ပိုင်ရှင် အဖြစ် မိတ်ဆွေ၏ ဘဝတခုလုံးအတွက် လက်ခံယုံကြည်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဒုတိယ မွေးဖွားခြင်းကို ဆိုလိုခြင်း ဖြစ်၏။

၆။ သင်သည် လေ့လာသင်ယူခဲ့သော ဤသင်ခန်းစာထဲမှ ကြီးမားသော အမှန်တရား အကြောင်း တစ်ခု ဖော်ပြပါ။

_______________________________________________________________

____________________

၇။ သင်သည် ဒုတိယ မွေးဖွားခြင်းကို ရရှိပြီးသလား။

________________________________ ________________

နောက်သင်ခန်းစာ မသွားမီ (ရှင်ယောဟန် ၃း၃၊ ၁၆)ကို အလွတ်ကျက်မှတ်ပါ။

# သင်ခန်းစာ (၅)
# ကောင်းကင်ဘုံသို့ သွားရာလမ်းတစ်ခုတည်းသာ

၁။ **သခင်ယေရှုက၊ "ငါသည် ______________ ။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။"ငါ့ကို ______________ လျှင် အဘယ်သူမျှ ခမည်းတော် ထံသို့ မရောက်ရ။** (ရှင်ယောဟန် ၁၄း၆ )

၂။ **ယေရှုက၊ " ______________တံခါးဝဖြစ်၏။ ငါဖြင့် ဝင်သောသူသည် ဘေးနှင့် ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကို တွေ့ရလိမ့်မည်။'** (ရှင်ယောဟန် ၁၀း၉)

၃။ "ယေရှုက၊ ________________________ **မခံသော သူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု နိကောဒင်ကို မိန့်တော်မူ၏။"** (ရှင်ယောဟန် ၃း၃)

၄။ ကျွန်ုပ်တို့ သင်ကြားခဲ့သည်အတိုင်း လူတစ်ယောက်သည် ကယ်တင်ခြင်း ရနိုင်ရေးအတွက် ________________________ ကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံရမည်။ (ရှင်ယောဟန် ၁း၁၂)

၅။ တစ်ဖန်တုံယေရှုက၊ " ______________ **ဤလောက၏ အလင်းဖြစ်၏။ ______________သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏ အလင်းကို ရလိမ့်မည်ဟုမိန့်တော်မူ၏။"** (ရှင်ယောဟန် ၈း၁၂)

၆။ ယေရှုကလည်း၊ "______________ **ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏။ _______ ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ________ ကို ______________၍ အသက်ရှင်သောသူ ရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။"** (ယောဟန် ၁၁း၂၅-၂၆)

၇။ ထာဝရအသက်နှင့် ကောင်းကင်နိုင်ငံတော်သို့ ရောက်ရှိနိုင်ဖို့အတွက် သခင်ယေရှု သာလျှင် တစ်ခုတည်းသော လမ်းဖြစ်ကြောင်း သမ္မာကျမ်းစာက ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ဖတ်ရှုရန်။ (ရှင်ယောဟန် ၁း၁၀-၁၂၊ ရှင်ယောဟန် ၃း၃၆၊ ရှင်ယောဟန် ၆း၂၉၊ ၄၀၊ ၄၇၊ ရှင်ယောဟန် ၁၀း၂၈)

၈။ **"ထိုသခင်၏ နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သော နာမ တစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု"** ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။ (တမန်တော် ၄း၁၂)

**ဤကျမ်းပိုဒ်အားဖြင့် ကျွန်ုပ်တို့တွေ့ ရှိနိုင်သည်မှာ ကယ်တင်ခြင်း ရရှိရေးသည် ______________ နာမအားဖြင့် ဖြစ်ပါသည်။**

၉။ သခင်ယေရှုက ဘုရားသခင်နှင့် လူကြားမှာ ဖျန်ဖြေပေးမည်သူ ကိုယ်တော်မှလွဲပြီး အခြားသောလူတစ်ယောက်ယောက် ရှိနေကြောင်း ဖော်ပြခဲ့သလား။ (ရှင်ယောဟန် ၁၄း၆) ရှိ၏ ( _____ )၊ မရှိ ( _____ )

၁၀။ ရှင်ပေါလုက **"ဘုရားသခင်တဆူတည်း ရှိတော်မူ၏။ ဘုရားသခင် နှင့် လူတို့၏စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်း ဟူသော အာမခံ တစ်ဦးတည်းရှိ၏"ဟု မိန့်တော်မူ၏။** (တိမောသေ ၂း၅)

၁၁။ သခင်ခရစ်တော်မှလွဲ၍ အခြားသောဖျန်ဖြေသူ အားဖြင့် ဘုရားသခင် ထံသို့ မသွားနိုင်ကြ။ မှန် ( _____ )၊ မှား ( _____ )

၁၂။ **ထို့ကြောင့် ကျွန်ုပ်တို့ နိဂုံးချုပ်နိုင်သည်မှာ**

**ကယ်တင်ခြင်းသည်**

**နှစ်ခြင်းမင်္ဂလာနှင့် ကောင်းမှုကုသိုလ်လုပ်ခြင်း၊**

**ပွဲတော်ကိုသုံးခြင်း အသင်းသူ/သား ဖြစ်ခြင်းဖြင့် မဟုတ်ဘဲ**

**ဘုရားသခင်၏ လက်ဆောင်အားဖြင့် ဖြစ်၏။**

ထိုသို့ ရှင်ပေါလု ဟောပြောသည့်အခါ သူရှင်းပြခဲ့သည်ကား -

> ***"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနား တော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည် မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့် မရှိ။"*** *(ဧဖက် ၂း၈-၉)*

၁၃။ ထာဝရအသက် ရရှိခြင်းသည် ဘုရားသခင်၏ လက်ဆောင် အားဖြင့်လား၊ ကောင်းမှုကုသိုလ်လုပ်ခြင်း အားဖြင့်လား။ (အဖြေမှန် တစ်ခုကို ခြစ်ပါ)

ကောင်းမှုကုသိုလ် အားဖြင့် ( _____ )

ဘုရားသခင်၏လက်ဆောင် ( _____ )

*ရှင်ပေါလုက* - ***"ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်း နှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်း အားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏"။*** *(တိတု ၃း၅)*

**ရှင်းပြချက်။** ။ လူတစ်ယောက်သည် ကောင်းမှုကုသိုလ် အားဖြင့် ကယ်တင်ခြင်းသို့ မရောက်ပါ။ ဒုတိယမွေးဖွားခြင်းကို ခံရယူပြီးမှ ကောင်းမှုလုပ်ခြင်းသည် ထိုအရာ၏ ရလဒ်သာဖြစ်ပါသည်။ ကောင်းမှုလုပ်ခြင်းသည် သခင်ခရစ်တော်၌ အသစ်သော အသက်တာ၏ အသီးသာဖြစ်ပါသည်။

အရေးကြီးအချက်။ ။မေးခွန်းတစ်ဆယ့်လေးမသွားမီ ကျေးဇူးပြုပြီး မေးခွန်း(၁၂နှင့် ၁၃) ကို ပြန်ဖတ်ပါ။

၁၄။ သခင်ယေရှုက ပြောသည်မှာ လူတစ်ယောက်သည် မိမိ၏ကောင်းမှု အားဖြင့် ထာဝရအသက် ကို ရရှိနိုင်ပါသည်။ (ယောဟန် ၆း၄၇)

မှန် ( ______ )၊ မှား ( ______ )

*(သင်၏အဖြေ မှန်၊ မမှန် စစ်ဆေးရန် (ယောဟန် ၆း၄၇) ကို ပြန်ဖတ်ပါ။)*

၁၅။ လူတစ်ယောက်သည် မိမိ၏ ကောင်းမှုကုသိုလ်အားဖြင့် ထာဝရ အသက်ကို ရရှိရန် ထိုက်တန်ပါသလား။

ထိုက်တန် ( ______ )၊ မထိုက်တန် ( ______ )

၁၆။ **"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ် အားဖြင့် ထာဝရ အသက်ပေတည်း။"** (ရောမ ၆း၂၃)

၁၇။ ဘုရားသခင်ပေးသော ထာဝရအသက်သည် သခင်ခရစ်တော်အား ဖြင့် ဖြစ်ပါသည်။ (ရောမ ၆း၂၃)

## လူတစ်ယောက်က ဘုရားသခင်၏ ဆုကျေးဇူး ထာဝရအသက်ကို ရရှိနိုင်ရေး အတွက် မည်သည့်အရာကို လုပ်ရမည်နည်း။

သင်သည် သခင် ခရစ်တော်ကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံလျှင် သူသည် သင့်အပြစ်များကို ခွင့်လွှတ်ပြီး ထာဝရအသက်ကိုပါ ရရှိပိုင်ခွင့်ပေးပါသည်။

ကျမ်းစာလာသည်ကား ***"ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။"***
(၁ ယောဟန် ၁း၉)

## ဒါပေမယ့် အဘယ်သို့ ကိုယ်တော်ကို လက်ခံယုံကြည်ရမလဲ။

*ကျမ်းစာက၊* ***"အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။"***
(ရောမ ၁၀း၁၃)

## ထာဝရဘုရားကို ပဌနာပြုခြင်းဆိုသည်မှာ အဘယ်အရာနည်း။

ထာဝရဘုရားကို ပဌနာပြုခြင်းဆိုသည်မှာ သင့်အပြစ်များကို ခွင့်လွှတ်ဖို့အတွက် နှင့် သင့်အပြစ်ထဲမှ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါ ထာဝရဘုရားထံတော်၌ ဆုတောင်းခြင်းသာ ဖြစ်ပါသည်။

သခင် ယေရှုခရစ်တော် ပေးသနားတော်မူသော ထာဝရအသက်ကို ယနေ့ သင်သည် ရယူ မလား။

သင်၏ နှုတ်ထွက်စကားဖြင့် သင်၏ အပြစ်များကြောင့် ဝမ်းနည်းမှုအကြောင်းကို သခင် ခရစ်တော်ထံ၌ ဖွင့်ပြောလိုက်ပါ။ သင်သည် ငရဲမီးအိုင်ကို ထိုက်တန်ကြောင်းကို ဝန်ခံလိုက်ပါ။ သင်သည် ဘုရားသခင်၏သား ဖြစ်ခွင့်ရနိုင်ရေးအတွက် သခင် ခရစ်တော်ကို ဆုတောင်းလိုက်ပါ။ အကြောင်းမူကား သင်၏ အပြစ်များ အတွက် သခင်ခရစ်တော်သည် အသေခံတော်မူ၏။

သင်သည် စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင့်ထံ ဆုတောင်းလျှင်၊ ဘုရားသခင်သည် သင့်ကို ယခုပင်လျှင် ကယ်တင်တော်မူပြီး မကုန်ဆုံးနိုင်သော ငြိမ်သက်ခြင်းကို ပေးတော်မူမည်။

အကယ်၍ သင်သည် အဆင်အသင့် မဖြစ်သေးပါက၊ ထပ်မံစဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့၏ နောက်သင်ခန်းစာတွင် သင့်အတွက် တစ်ဖန် ဆုံးဖြတ်ချက်ချဖို့ အခွင့်အရေး ရှိပါသေးသည်။ မည်သူ တဦး တယောက်ကမျှ သင့်ကို အတင်းလုပ်ခိုင်းခြင်း မဟုတ်ပါ။ သင်သည် သခင်ယေရှု ထံ၌ ဟုတ်၊မဟုတ် အကြောင်းကို လွတ်လပ်စွာပြောခွင့် ရှိပါသည်။

သင်သည် ယနေ့ ခရစ်တော်ကို ယုံကြည်လက်ခံ (ဒုတိယ မွေးခြင်း)ကို ရလျှင် ကျေးဇူးပြုပြီး (ရှင်ယောဟန် ၃း၁၆နှင့် ရှင်ယောဟန် ၅း၂၄) ကိုဖတ်ပါ။ယခု သင်သည် ဆုတောင်းပဌနာပြုခြင်း ကျေးဇူးတော်ချီးမွမ်းခြင်းကို ပြုပါ။ ဤကဲ့သို့ရိုးရိုးလေး ဆုတောင်းနိုင်သည် "အို သခင်ယေရှု အကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏ အာမင်။"
နောက်သင်ခန်းစာ မသွားမီ (ရှင်ယောဟန် ၁း၁၂) ကို အလွတ်ကျက်မှတ်ပါ။

# သင်ခန်းစာ (၆)
# ဘဝအသက်တာ၏ တံတား




သင်သည် ဒုတိယမွေးဖွားခြင်းကို မခံယူခဲ့လျှင်၊ ဒုတိယ မွေးဖွားခြင်းခံရမည့်အကြောင်းကို ဤသင်ခန်းစာက သင်သည် နားလည်သဘောပေါက်အောင် အထောက်အကူပြုပါလိမ့်မည်။ အကယ်၍ သင်သည် ဒုတိယ မွေးဖွားခြင်းကို ရပြီးခဲ့သူ ဖြစ်ခဲ့လျှင် ဤအရာအားဖြင့် သင်၏ စိတ်နှလုံးသားထဲမှာ ဆုံးဖြတ်ချက် မှန်ကန်ကြောင်း အခိုင်အမာ ပေါ်လွင်လာစေမည်။

## ဤညွှန်ကြားချက်များအတိုင်း သေချာစွာ ပြုလုပ်ပါ။

တစ်ခုပြီး တစ်ခု၊ နံပါတ် (၁ မှ ၁၂) အထိ၊ ဤသင်ခန်းစာ၏ ပထမဆုံး စာမျက်နှာမှာ ဘ၀အသက်တာ၏ တံတားအကြောင်းကို အထက်တွင် တွေ့မြင်ရသော ပုံဖေါ်သည်အတိုင်း ဖြည့်စွက်ပေးပါ။ ပထမ စာမျက်နှာကို မကြည့်ပဲနှင့် သင်ကိုယ်တိုင်၏ ဘ၀တံတားကြီးကို ဖြည့်စွက်ကြည့်ပါ။ နံပါတ် (၁) မှ စ၍ ကျန်စာမျက်နှာများကို အစဖတ်ကြည့်ပါ။ အထက်က ပုံအတိုင်း အပြစ် အကြောင်း အတွက် (ယောဟန် ၃း၁၈) ကို ရေးကြည့်ကြည့်ပါ။ နောက်တစ်ဖန် နံပါတ် (၂) ကို သွားပါ၊ အပြစ်၏ရလဒ်အတွက် (ရောမ ၆း၂၃)၊ ကျမ်းပိုဒ်များကို ဖတ်ပြီး၊ ကွက်လပ်များကို ဖြည့်စွက်ပြီးနောက် အပြစ်တရား၏ ရလဒ်အကြောင်းကို (ရောမ ၆း၂၃) အထက်က ပုံကားချပ်ကို ရေးပါ။ မိတ်ဆွေ၏ ဘ၀အသက်တာ၏ တံတားကို အကုန် မဖြည့်စွက်မခြင်း ဆက်လက်ကြိုးစားပါ။

### ကျွန်တော့်ဘ၀သက်တာ၏ တံတား



၁။ **အပြစ်** - ရှင်ယောဟန် ၃း၁၈

***"သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ ဘုရားသခင်၌ တစ်ပါးတည်းသော သားတော်ကို ____________________ သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကို ခံရ၏။"***

၂။ **အပြစ်၏ရလဒ်** - ရောမ ၆း၂၃

***"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။"***

အပြစ်တရား၏ ရလဒ်က ____________________ ဖြစ်သည်။

၃။ **သေခြင်း/တရားစီရင်ခြင်း** - ဟေဗြဲ ၉း၂၇

***'လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့'။***

လူတိုင်းမှာ ချိန်းဆိုချက် နှစ်ချက် ရှိကြသည်။ ၎င်းတို့မှာ ____________________ နှင့် ____________________ ။

၄။ **ငရဲပြည်** - ဒုတိယမွေးဖွားခြင်းကို မခံသောသူတို့အတွက် နောက်ဆုံးသော သူတို့၏ တည်နေရာ အိမ်။

*ယေရှုက* - ***"ကျဉ်းသော တံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သော လမ်းနှင့် တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သော သူတို့သည် များကြ၏"ဟု မိန့်တော်မူ၏။*** *(မဿဲ ၇ း ၁၃)*

၅။ **ဘုရားသခင်၏ချစ်ခြင်းမေတ္တာ** - ရောမ ၅ း ၈

***"ငါတို့သည် အပြစ်ရှိစဉ်ပင် ၊ ခရစ်တော်သည် ငါတို့ အတွက်ကြောင့် အသေခံတော်မူသည် ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော် မူ၏။"***

ဘုရားသခင်က သူ၏ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ အတွက် မည်ကဲ့သို့ ဖော်ပြခဲ့ သနည်း။

၆။ သင်၏ ဘ၀ တံတားကို အဆုံးသတ်နိုင်ရန် အတွက်၊ **ခရစ်တော်** ဟူသော စကားလုံးကို ရေးပါ။

၇။ အထက်ပုံတွင် ဖော်ပြထားသော ထောင့်မှန်စတုဂံအကွက်သုံးကွက် ထဲတွင် အောက်ပါ စကားလုံး သုံးခုတို့ကို ဖြည့်စွက်ပေးပါ။ **နှစ်ခြင်းမင်္ဂလာခံယူခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်း၊ ပွဲတော်မင်္ဂလာကျင့်သုံးခြင်း။**

အချို့သော လူများက ထိုစကားလုံး သုံးခုတို့ကို ဘုရားသခင့် ထံသို့ သွားရာလမ်းဖြစ်သည်ဟု ပြောကြပါလိမ့်မည်။ သို့သော်လည်း ဤအရာများသည် ဖြတ်လမ်း (မှားယွင်းသော အရာများ)သာ ဖြစ်ပါသည်။

ဘုရားသခင့် ထံတော်သို့ မပို့ဆောင်နိုင်ပါ၊ တစ်ဘက်ကမ်းကို အရောက်မပို့ နိုင်ချေ။ ဤအကြောင်းနဲ့ပတ်သက်၍ သမ္မာကျမ်းစာက မည်ကဲ့သို့ပြောသနည်း။ (ရောမ ၁၀း၃) တွင် ကျွန်ုပ်တို့ ဖတ်နိုင်ပါသည်။

***"ထို့သူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မသိဘဲ၊ ကိုယ်ဖြောင့်မတ်ခြင်းကိုတည်စေခြင်းငှာ ရှာကြံသောကြောင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို ဝန်မခံကြ။"***

၈။ **ယုံကြည်ခြင်း** - ဧဖက် ၂း၈-၉

***"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တယ်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။"***

၉။ **နောင်တရခြင်း** - တမန်တော် ၃း၂၀

***"သင်တို့ အပြစ်များကို ပြေစေခြင်းငှာ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"***

အပြစ်မှ (နောင်တရခြင်းဆိုသည်မှာ အပြစ်ထဲ၌ ဆက်ပြီး မနေခြင်းသာ ဖြစ်သည်။)

၁၀။ **ယုံကြည်ခြင်း** - ယောဟန် ၅း၂၄

*"ငါ အမှန်အကန်ဆိုသည်ကား၊ ငါ့____________ ကို ______________ ၍၊ ငါ့ကို စေလွှတ်တော်မူသော သူကို_________________________ သူသည်*

______________________ *ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်း သောသူ ဖြစ်၏။"*
ကွက်လပ်များကို ဖြည့်ပေးပြီးနောက် အထက်စကားလုံးများအတိုင်းပဲ ဘဝ အသက်တာ၏ တံတားနှင့် တူသော စကားလုံးများကို ရေးပါ။ ဤအရာများသည် တံတား ဖြတ်ကျော်ဖို့အတွက် အချက်များဖြစ်သည်။

၁၁။ **လက်ခံခြင်း** - (ယောဟန် ၁း၁၂) ထဲမှာ ယုံကြည်ခြင်းနှင့် အဓိပ္ပါယ်တူသော အခြားစကားလုံးရှိပါသေး၏။
၎င်းသည် ______________________ ဖြစ်ပါသည်။

၁၂။ **ဆုတောင်းခြင်း** - ရောမ ၁၀ း ၁၃

***"အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှ တို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။"***

*(ရောမ ၁၀း၁၃)*

ထာဝရဘုရားသခင်ကို ပဌနာပြုခြင်းသည် သူ့ဆီမှာ ဆုတောင်းပြီး သခင်ဘုရားကို မိမိ၏ ကယ်တင် ပိုင်ရှင် အဖြစ်လက်ခံဘို့ဖိတ်ခေါ်ခြင်းပဲ ဖြစ်ပါသည်။ မိတ်ဆွေ၏ နှလုံးသားထဲမှ သင်၏အပြစ်နှင့် အပြစ်ကြောင့် ဝမ်းနည်းပူဆွေးခြင်း အကြောင်းကို ခရစ်တော်ဆီပြောပါ။ သင်သည် ငရဲနှင့် ထိုက်တန်ကြောင်းကို ဝန်ခံလိုက်ပါ။ သခင်ဘုရား၏ သားဖြစ်ခွင့် ရနိုင်ရန် တောင်းလျှောက်ပါ။ အကြောင်းမှာ သခင်ခရစ်တော်သည် မိတ်ဆွေ၏ ဒုစရိုက်အပြစ်များ အတွက် အသေခံခဲ့သောကြောင့် ဖြစ်ပါသည်။

သင်ဆုတောင်းသောအခါ သခင် ခရစ်တော်ကို သင်၏ ဘဝအသက်တာ အတွက် ကယ်တင်ရှင်သခင် ဖြစ်လာဖို့ရန် တောင်းပန်ပါ။ ယခု ကျေးဇူးတော်ကြောင့် သင့်နှလုံးသားထဲမှာ ချီးမွမ်းပါ။ "ကိုယ်တော် သခင် ကျွန်ုပ်ကို ကယ်တင်ကာ အသစ်သော အသက်တာကို ပေးသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်"ဟု ရိုးရိုးလေး တောင်းလျှောက်ပါ။

သင်၏ အသိ မိတ်ဆွေတစ်ယောက်ယောက်ကို သင့်အသက်တာ၌ အဖြစ်ပျက်သော အရာများကို ပြန်လည်ဝေငှလိုသော စိတ်ဖြစ်ပေါ်လာပါလိမ့်မည်။ *ယေရှုက၊* ***"အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော***

***ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကို*** *ငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်။"*

**(မဿဲ ၁၀ း ၃၂-၃၃)**

ကျေးဇူးပြု၍ ဇဖက် ၂း၈-၉ ကို အလွတ်ကျက်ပါ။ (ဤသင်ခန်းစာ၏ နံပါတ် ၈ တွင်ရှိသည်)

# သင်ခန်းစာ (၇)
# ဘဝအသက်တာ လမ်းသို့



*ယေရှုက၊* ***"ကျဉ်းသော တံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သော လမ်းနှင့် တံခါးသည် ကျယ်ဝန်းသည် ဖြစ်၍ ဝင်သော သူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ ရောက်သော လမ်းနှင့် တံခါးသည် အလွန် ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်သော သူတို့သည် နည်းကြ၏။"***
*(မဿဲ ၇း၁၃-၁၄)*

၁။ မိနစ်အချိန်အနည်းငယ် ယူ၍ ဒီသင်ခန်းစာ၏အစ၌ ပုံဖေါ်ပြချက်တွေကို လေ့လာသုံးသပ်ပါ။ ကျဉ်းသောလမ်း (သို့မဟုတ်) ကျယ်သောလမ်းမ တစ်ခုခုပေါ်မှာ  သင်သည် ရပ်တည်ရှိနေသည် ဖြစ်၍၊ ထိုလမ်းနှစ်ခုအနက် အဘယ်လမ်း တစ်ခုပေါ်မှာ သင်သည် ရပ်တည်နေသနည်း။

________________________________________

၂။ အဘယ်လမ်းပေါ်၌ သင်သည် လျှောက်ချင်သနည်း။

________________________________________

၃။ သင်ခန်းစာ (၆)မှာ၊ လူတို့သည် ဘုရားသခင်ဆီမှ အမျိုးမျိုး လမ်းလွဲကြသည်ဟု ကျွန်ုပ်တို့ သင်ယူခဲ့ပါပြီ။ အကြောင်းရင်းမှာ သူတို့၏ __________________ ကြောင့်ဖြစ်သည်။ (ရောမ ၃း၂၃)

၄။ "လမ်းများ အားလုံးသည် ကောင်းကင်ဘုံကို ဦးတည်ကြသည်" ဟူ၍ ကျယ်သောလမ်းပေါ်မှာ ရှိနေသောသူတွေက ပြောပါလိမ့်မည်။

လမ်းနှစ်သွယ်ရှိသည်ဖြစ်၍ တစ်လမ်းသည် __________________ _______________ နှင့် အခြား တစ်လမ်းသည် ___________________ __________________ဖြစ်သည်ဟု သခင်ယေရှု မိန့်တော်မူ၏။ (မဿဲ ၇း၁၃-၁၄) ကို ဒီစာမျက်နှာ၏ အထက်တွင် ဖော်ပြထားသော ကျမ်းပိုဒ်ကို ဖတ်ပါ။

၅။ *"ကျွန်တော်သည် ကောင်းသော အသက်တာဖြင့် ရှင်သန်လျှင် ကောင်းကင်ဘုံသို့ သွားလိမ့်မည်ဟု"* ကျယ်သောလမ်းပေါ်က လူတစ်ချို့သည် ခဏခဏ ပြောလေ့ရှိသည်။

*ကျမ်းစာလာသည်ကား* -**“ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည် မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ် ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။”** *(ဧဖက် ၂း၈-၉)*

ကယ်တင်ခြင်းအတွက် အဓိကကျသော စာပိုဒ် အမှန်ကို အမှန်ခြစ်ပါ။

( ______ ) ကောင်းမှုကုသိုလ် = ကယ်တင်ခြင်း

( ______ ) ကျေးဇူးတော် + ယုံကြည်ခြင်း + ကောင်းမှုကုသိုလ် = ကယ်တင်ခြင်း

( ______ ) ကျေးဇူးတော် + ယုံကြည်ခြင်း = ကယ်တင်ခြင်း

၆။ “လူအုပ်များနှင့် ကျွန်တော်သွားမယ်ဟု” ကျယ်သောလမ်းပေါ်က လူတစ်ချို့သည် ပြောဆိုလိမ့်မည်။

ကျမ်းစာက၊ *“သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင် အလိုတော် ရှိသောအရာသည် အဘယ်အရာ ဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့”။ (ရောမ ၁၂း၂)*

၇။ လူတစ်ချို့က “နှစ်ခြင်းမင်္ဂလာခံယူခြင်းဖြင့် ကယ်တင်ခြင်းသို့ ရောက်ရှိနိုင်သည်” ဟု ပြောကြသည်။

သို့သော်လည်း ကျမ်းစာထဲတွင် ထိုသို့သောအယူနှင့်ယုံကြည်ခြင်း ပုံဥပမာ မတွေ့ရှိပါ။ လူတစ်ယောက်သည် နှစ်ခြင်းမင်္ဂလာ အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရှိနိုင်ပါက သခင်ခရစ်တော် လာရောက် အသေခံစရာ အကြောင်း မရှိပါ။ အောက်ဖော်ပြပါ ကျမ်းပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း လူတစ်ယောက် ကယ်တင်ခြင်းရပြီးမှသာ နှစ်ခြင်းမင်္ဂလာကို လုပ်ရမည်အကြောင်း အတိအလင်း ဖော်ပြပါသည်။

**“ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကို ခံ၍ ”**

(တမန်တော် ၂း၄၁)

၈။ တစ်ချို့သောလူတွေက “ပညတ်တရားများကို စောင့်ရှောက်လျှင် ကောင်းကင်ဘုံ ရောက်ရှိနိုင်မည်”ဟု ပြောတတ်ကြ၏။

အောက်ဖော်ပြသော ကျမ်းပိုဒ်များကို ကျမ်းစာထဲမှ ဖတ်ကြပါ။

***"ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တစ်ပါးအမျိုးသား မဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့သည် အမှန် သိသည်နှင့်အညီ ပညတ်တရား၏ အကျင့် အားဖြင့် ဖြောင့်မတ်ရာ သို့မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ၊ ငါတို့ပင် ယေရှုခရစ်ကို ယုံကြည်ကြပြီ။ အကြောင်းမူကား ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှဖြောင့် မတ်ရာသို့ မရောက်နိုင်ရာ။"*** *(ဂလာတိ ၂း၁၆)*

ဤကျမ်းပိုဒ်မှာ ကျွန်ုပ်တို့ တွေ့ရတာက၊ လူတစ်ယောက်သည် ကယ်တင်ခြင်း ရရှိနိုင်ရေးအတွက် ____________________ ကို ____________________ အားဖြင့်သာ ဖြစ်ပါသည်။ ပညတ်တရားများကို စောင့်ရှောက်ခြင်းက ကောင်းကင်ဘုံသို့ မပို့ဆောင်နိုင်ပါ။ (သင်သည် ဓမ္မသစ်ကျမ်း ရှိခဲ့လျှင်၊ ရောမ ၃း၂၀-၃၁ ကိုဖတ်ပါ)

၉။ "ကယ်တင်ခြင်းအတွက် ကျွန်တော့်အသင်းတော်ကို ယုံကြည်မယ်" ဟူ၍ ကျယ်ဝန်းသော လမ်းမပေါ်မှာ ရှိသောသူသည် ပြောတတ်၏။ သို့သော်လည်း ကယ်တင်ခြင်းသည် ____________________ ကို ____________________ အားဖြင်သာ ရရှိနိုင်သည်။

၁၀။ လူတစ်ချို့က။ "ကျွန်တော့် အချိန်ကာလ တော်တော်များများ ရှိပါသေးသည်၊ မနက်ဖြန်မှပဲ ခရစ်တော်ကို ယုံကြည်မယ်ဟု ပြောတတ်ကြ၏"။ သင်သည် မနက်ဖြန် ရှိဦးမယ်လို့ သေချာရဲ့လား။ __________________

၁၁။ သင်သည် ကျယ်သောလမ်းပေါ်မှ ကျဉ်းသောလမ်းပေါ်သို့ ပြောင်းရွှေ့ နိုင်လိမ့်မည်။ ယောဟန် ၁၄း၁ မှ ၆ ကို ဖတ်ပါ။

၁၂။ လူတစ်ယောက်သည် ____________________ ခြင်းကို ________________ သောသူ မည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်သို့ သွားရာ ကျဉ်းသောလမ်းသို့ မဝင်ရောက်နိုင်ရာ။ (ရှင်ယောဟန် ၃း၃)

၁၃။ "ကယ်တယ်ခြင်းရနိုင်ဖို့ အတွက် ဘာကို ကျွန်တော်လုပ်ရမလဲ"ဟူ၍ ကျယ်သော လမ်းပေါ်မှာ ရှိသော လူတစ်ယောက် မေးတတ်၏။ သင်သည် ထိုသို့သော မေးခွန်းကို မေးနေပါက ဤမေးခွန်းနှင့် အဖြေမှာ (တမန်တော် ၁၆း၃၀-၃၁) အောက်ပါဖော်ပြကျမ်းပုဒ်တွင် တွေ့နိုင်ပါသည်။

***'သူတို့ကို ပြင်သို့ထုတ်ပြီးလျှင်လည်း သခင်တို့၊ အကျွန်ုပ်သည် ကယ်တင် ခြင်းသို့ရောက်အံ့သောငှာ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏။ ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင်၊ သင်နှင့် သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောဆိုလျှက်'။***

သင်သည် ထာဝရအသက်ကို ရရှိရေးအတွက် မည်သည့်အရာများကို ဧကန်လုပ်ရမည်နည်း။

(က) သခင်ခရစ်တော်၏အကြောင်း သတင်းကောင်းကို နားထောင်ပါ။

(ခ ) သင်သည် အပြစ်သားဖြစ်ကြောင်းကို ဝန်ခံပါ။

(ဂ ) အပြစ်မှ နောင်တရပါ။ အပြစ်ဒုစရိုက်အကျင့်ထဲမှ ရုန်းထွက်၍ - အပြစ်အတွက် ဝမ်းနည်းခြင်း ရှိပါ။

(ဃ) သခင်ခရစ်တော်သည် သင်၏ အပြစ်များကို ခွင့်လွှတ်မည်သာမက အသစ်သော အသက်တာကိုလည်း သင့်အား ပေးလိမ့်မည်ကို သံသယစိတ်ကင်းစွာ ယုံကြည်ပါ။

(င) သခင်ခရစ်တော်ကို မိမိ၏ ကယ်တင်ပိုင်ရှင်သခင်အဖြစ် ဖိတ်ခေါ်ပါ။ ဤကဲ့သို့ သင်သည် ဘုရားသခင်ဆီမှာ တိုက်ရိုက် ဆုတောင်းလိုက်ပါ။ အပြစ်ကို ဝန်ခံပြီး သင်၏အပြစ်ကို ခွင့်လွှတ်နိုင်ဖို့အတွက် တောင်းလျှောက် ပါ။ သို့မှသာ သင်သည် ဘုရားသားဖြစ်ခွင့်ရလိမ့်မည်။ ယခုသင်သည် သင်ခန်းစာ ခုနှစ်ခုကို လေ့လာသင်ယူခဲ့ပြီးနောက် ဒုတိယမွေးခြင်းကို အသေအချာ လက်ခံယုံကြည် သူဖြစ်လာရင် ဤအရာသည် အစသာ ဖြစ်ပါသည်။ သင်သည် အသစ်သော အသက်တာ အတွက် ပိုမိုရင့် ကျက်နိုင်ရေး အတွက် အခွင့်လမ်းများစွာ ရှိပါသေးသည်။ နောက်ဆက်တွဲ ဘာလဲလို့ သင်သည် မေးပါလိမ့်မည်။ ကျွန်ုပ်တို့၏ နောက်ဆက်တွဲ သင်ခန်းစာ လေ့လာတယ့်ခါ ထိုမေးခွန်းကို အဖြေ ဖော်ပြပါလိမ့်မည်။

# သင်ခန်းစာ (၈)
## ဆက်စပ်မှုရှိ ၊မရှိ

ဘုရားသခင်

| ဆက်စပ်မှု မရှိ | ဆက်စပ်မှုရှိ |
|---|---|
| ၁။ ပျောက်သောသူ<br>ရှင်လုကာ ၁၉း၁၀ | ၁။ ကယ်တင်ခြင်းခံရသူ<br>ရောမ ၁၀း၁၃ |
| ၂။ ဖြောင့်မတ်မှု မရှိ<br>၁ကော ၆း၉-၁၀၊ ရောမ ၃း၁၀ | ၂။ ဖြောင့်မတ်ရာ<br>ရောမ ၅း၁၉ |
| ၃။ ရန်သူများ<br>ရောမ ၅း၁၀ | ၃။ ပြန်လည် သင့်မြတ်မှု<br>ကောလောသဲ ၁း၂၁ |
| ၄။ အပြစ်စီရင်မှု<br>ယောဟန် ၃း၁၈ | ၄။ တရားမှန်ကန်မှု<br>ရောမ ၅း၁ |
| ၅။ ငရဲမီးအိုင်<br>ဗျာဒိတ် ၂၁း၈ | ၅။ ကောင်းကင်ဘုံ<br>၁ သက်သာလော ၄း၁၇ |

ကျမ်းစာက၊ ရှင်းလင်းစွာ ဖော်ပြထားသည်မှာ ဘုရားသခင်၏ အမြင်တွင် ကမ္ဘာပေါ်မှာ ရှိသောလူသား အားလုံးသည် နှစ်မျိုး နှစ်စားရှိသည်။ ဘုရားသခင်နှင့် ပေါင်သင်းဆက်စပ်မှုရှိသော လူတို့နှင့်၊ ဘုရားသခင်နှင့် ပေါင်းသင်းဆက်စပ်မှု မရှိသောလူတို့ ဖြစ်ကြသည်။

ကျမ်းစာထဲမှာ ဤလူမျိုးများ၏ အကြောင်းကို အမျိုးမျိုးနှင့် ဖော်ပြခြင်းကို တွေ့နိုင်ပါသည်။ ဤသင်ခန်းစာတွင် ထိုအကြောင်းအရာကို ဆက်လက် လေ့လာမည် ဖြစ်ပါသည်။

၁။ ကျမ်းစာလာသည်ကား- "လူသားသည် ________________ သူတို့ကိုရှာ၍ ________________ အံ့သောငှာ ကြွလာသတည်း။"       (ရှင်လုကာ ၁၉း၁၀)

အမှန်တကယ် ပျောက်သော လူတစ်ယောက်သည် ကူညီမှု တတ်နိုင်သမျှ လိုအပ်ပါသည်။ ဤအကြောင်းကြောင့် သူကို ကယ်တင်ရမည်၊ မိမိကိုယ် တိုင်မိမိ မကယ်တင်နိုင်သောကြောင့် ဖြစ်ပါသည်။ မိတ်ဆွေသည် ဘုရားသခင်နှင့် ဆက်စပ်မှု မရှိခဲ့လျှင် ပျောက်သောသူသာ ဖြစ်ပါသည်။ သင်သည် မိမိကိုယ်ကို မကယ်တင်နိုင်သောကြောင့် ဖြစ်ပါသည်။

၂။ သမ္မာကျမ်းစာက၊ "အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာ ပြုသောသူ ရှိသမျှတို့သည် ________________ တော်မူခြင်းသို့ ရောက်ရကြလတံ့။" (ရောမ ၁၀ း ၁၃ )

သင်သည် ပျောက်သောသူဖြစ်သည်။ အကြောင်းမှာ မိတ်ဆွေသည် ဘုရားသခင်၏ ပညတ်တရားကို ချိုးဖောက်သောကြောင့် ဖြစ်ပါသည်။ သင်သည် ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရပါမည်။ သင်ကို တစ်ယောက်ယောက်မှ ကယ်တင်ဖို့ လိုအပ်ပါသည်။

၃။ သမ္မာကျမ်းစာက - " ________________________ __________ ဘုရားသခင်၏ နိုင်ငံတော်ကို အမွေခံရသည်ကို သင်တို့ မသိကြသလော။" (၁ကော ၆း၉-၁၀)

မတရားသောသူသည် မည်သူနည်း။ ________________________

ထိုသို့သော လူတို့သည် ဘုရားသခင်၏ မျက်စိတော် အောက်မှာ မတရားသောသူများ ဖြစ်ကြသည်။

၄။ ကျမ်းစာလာသည်ကား "ဖြောင့်မတ်သောသူ____________ ______မျှ မရှိ" (ရောမ ၃း၁၀)။

လူအမျိုးမျိုးတို့သည် အစဦးကပင် ဘုရားသခင်၏ မျက်စိအောက်မှာ တရားသော သူမရှိ။ ဘုရားသခင်နှင့် မိဿဟာယဖွဲ့သောသူလည်း မရှိ။

၅။ ကျမ်းစာလာသည်ကား - "အကြောင်းမူကား၊ တစ်ယောက်သော သူသည် နားမထောင်သော အားဖြင့်၊ လူများတို့သည် _______________ နည်းတူ၊ တစ်ယောက်သောသူသည် နားထောင် သောအားဖြင့်၊ လူများတို့သည် _______________ သို့ ရောက်ရကြ၏။" (ရောမ ၅း၁၉)

(မှတ်ရန်အတွက်) မည်သူတစ်ယောက်မျှ မွေးရာပါ ဖြောင့်မတ်သောသူ မရှိ၊ မိမိကိုယ် မိမိ ဖြောင့်မတ်စေနိုင်သော သူမရှိ။ ဘုရားသခင့် ရှေ့တော်၌ သခင်ခရစ်တော် အားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်စေနိုင်သည်။ အကြောင်းမူကား၊ ဘုရားသခင် နှင့် ဆက်သွယ်နိုင်ခြင်းသည် သခင် ခရစ်တော်၏ ဖြောင့်မတ်ခြင်း အားဖြင့်သာ ဖြစ်ပါသည်။

၆။ ကျမ်းစာလာသည်ကား-"အကြောင်းမူကား၊ _______________ ဖြစ်လျက်ပင် ဘုရားသခင်၏ သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် _______________ ဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏။" (ရောမ ၅း၁၀)

လူတစ်ယောက်သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းမရှိလျှင်၊ ဘုရားသခင် မိန့်တော်မူသည်အတိုင်း ထိုသူသည် ဘုရားသခင်၏ ရန်သူပင် ဖြစ်သည်။

၇။ ကျမ်းစာလာသည်ကား-" အထက်က ဘုရားသခင်နှင့် ကွာရှင်း၍ ဆိုးညစ်သော အကျင့်ကို ကျင့်သဖြင့် စိတ်နှလုံး၌ _______________ ဖြစ်သော သင်တို့ကို၊ ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့်၊ ယခု_______________ စေတော် မူ၏။" (ကောလောသဲ ၁း၂၁)

မည်သူကြောင့် သင်နှင့် ဘုရားသခင်သည် ပြန်၍ မိဿဟာယဖွဲ့စေနိုင်မည်နည်း။

_______________

၈။ သမ္မာကျမ်းစာက- "သားတော်ကို ယုံကြည်သောသူသည် ____________ ခြင်းကို မခံရ။ မယုံကြည်သောသူမူကား ____________၌ တစ်ပါးတည်းသော ________________ကို မယုံကြည်သောကြောင့် ယခုပင် ________________ကို ခံရ၏။" (ယောဟန် ၃း၁၈)

*ဘုရားသခင်သည် သင်၏အပြစ် အကုန်အစဉ် သိမြင်တော်မူပြီး၊ ထိုအပြစ်များကြောင့်၊ သင်သည် ဘုရားသခင်၏ ထာဝရ ငရဲမီးအိုင်ထဲမှာ ချပစ်ခြင်း ခံရမည်။*

၉။ ကျမ်းစာလာသည်ကား - 'ထို့ကြောင့်၊ ငါတို့သည် ________________ရှိ၍ ________________သို့ ရောက်လျှင်၊ ငါတို့ သခင်ယေရှု ခရစ်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။" (ရောမ ၅း၁)

ဖြောင့်မတ်ရာခြင်းတရားက ဘာကို ဆိုလိုသနည်း။ ရိုးရိုးလေး မှတ်မိစရာက "ငါသည် အဘယ်သောအခါ၌မျှ အပြစ်မကျူးလွန်ခဲ့ သကဲ့သို့" ဆိုလိုခြင်းဖြစ်သည်။

ဖြောင့်မတ်ခြင်းသို့ ရောက်စေနိုင်သော တစ်ခုတည်းသောလမ်းမှာ ________________ အားဖြင့်သာဖြစ်ပါသည်။

၁၀။ ကျမ်းစာလာသည်ကား - "ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကိုးကွယ်သောသူ သစ္စာပျက်သောသူ ______________မူကား၊ ____________________ တည်းဟူသော ______________နှင့် ________________________ထဲ၌ မိမိတို့အဖို့ကို ရကြလိမ့်မည်ဟူ၍ ငှင်း၌ အား မိန့်တော်မူ၏။" (ဗျာဒိတ် ၂၁း၈)

ဘုရားသခင်နှင့် မိဿဟာသဖွဲ့ခြင်း(ဆက်သွယ်ခြင်း)မရှိသော ပျောက်သော သူ၊ မတရားသောသူ၊ရန်သူများ၊ စီရင်ချက်ချထားခြင်းခံသော သူအားလုံးသည် အသက်ဆုံးရှုံးသောအခါ ထာဝရ ငရဲမီးအိုင် ထဲသို့ သွားရမည်။

၁၁။ ကျမ်းစာလာသည်ကား - ‘ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ ________________ ထံတော်သို့ ရောက်စေခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုဃ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့် အတူ ________________ နေရကြလိမ့်မည်။” (၁ သက်သာ ၄း၁၇)

ဘုရားသခင်နှင့် ဆက်စပ်မှုကို ရရှိသောသူတို့ကို ဤကဲ့သို့ဖော်ပြသည်ကား၊ ကယ်တင်ခြင်းခံရသောသူ၊ ဖြောင့်မတ်သောသူ၊ ပြန်လည် သင့်မြတ်သောသူ၊ တရားသောသူ ထိုသူအပေါင်းတို့သည် ခန္ဓာအသက် သေဆုံးသောအခါ ကောင်းကင်ဘုံသို့ အစဉ်အမြဲ ဝင်စားရကြမည်ဖြစ်သည်။

## သင်ခန်းစာ (၉)
## သတင်းကောင်းဆိုတာ ဘာလဲ။

ကျွန်ုပ်တို့ လေ့လာခဲ့ပြီးသော သင်ခန်းစာတွင် အချို့သောသူများသည် ကောင်းကင်နိုင်ငံတော်သို့ သွား၍ အချို့သောသူများသည် ငရဲမီးအိုင် ထဲသို့ သွားမည့်အကြောင်း တွေ့ခဲ့ရပါသည်။ လူတစ်ယောက်သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့နိုင်မှသာ ကောင်းကင်ရွှေပြည်သို့ သွားနိုင်သည်။

၁။ ကျမ်းစာလာသည်ကား - “ငါသည် ________________၏ ________________ကြောင့်၊ ရှက်ကြောက်ခြင်း မရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေ့ဦးစွာ၌ ယုဒလူ၊နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူ အပေါင်းတို့ကို ________________စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏”။ (ရောမ ၁း၁၆)

သတင်းကောင်းဆိုသည်မှာ ဘာလဲ။ သတင်းကောင်း ဆိုသောအရာကို ဤကမ္ဘာပေါ်မှာ ပုံးစံအမျိုးမျိုးဖြင့် ဖော်ပြ၍ ပြောတတ်ကြသည်။ ဘုရားသခင် ဆိုလိုသော သတင်းကောင်းကို ကျွန်ုပ်တို့ နားလည်ဖို့ လိုအပ်ပါသည်။
သတင်းကောင်းသည် ယုံကြည်သမျှသောသူ အပေါင်းတို့ကို________________ စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။

သတင်းကောင်းသည် လူတစ်ယောက်၏ ကယ်တင်ခြင်းရနိုင်ဖို့အလို့ငှာ အသေအချာဆုံးသော အရာတစ်ခုဖြစ်ပြီး ထိုအရာအားဖြင့် ဘုရားသခင်နှင့် စစ်မှန်စွာ မိဿဟာယဖွဲ့ခွင့်ကို လည်းရရှိစေသည်။

၂။ ကျမ်းစာလာသည်ကား -" _______________ ကို ပေးစေခြင်းငှာ ခရစ်တော်သည် ငါ့ကို စေလွှတ်တော်မူသည် မဟုတ်။ _______________ တရားကို ဟောစေခြင်းငှာ စေလွှတ်တော်မူ၏။" (၁ကော ၁း၁၇)
ရှင်ပေါလု ပြောဆိုသည်မှာ ဗတ္တိဇံခံယူခြင်းနှင့် ဧဝံဂေလိတရား သတင်းကောင်းသည် ကွဲပြားခြားနားပါသည်။ ၎င်းတို့သည် မတူညီသည့်အရာ ဖြစ်ကြ၏။
အကယ်၍ သတင်းကောင်းနှင့် ဗတ္တိဇံသည် မတူညီခဲ့လျှင် လူတစ်ယောက်က ဘုရားသခင်နှင့် မိဿဟာယဖွဲ့နိုင်ခြင်းငှါ ဗတ္တိဇံခံယူရမလား။ _______________

၃။ ကျမ်းစာလာသည်ကား - "ညီအစ်ကိုတို့၊ ငါသည် သင်တို့အား ဟောပြောဘူးသည်နှင့်အညီ၊ သင်တို့သည် ခံယူ၍ မှီဝဲဆည်းကပ်သော _______________ တရားကို သင်တို့အား တဖန် ငါကြားလိုက်၏။ အထက်က ငါဟောပြောသည် အကြောင်းများကို သင်တို့သည် အကျိုးမဲ့ မယုံဘဲ _______________လျှင်၊ ထိုဧဝံဂေလိတရား အားဖြင့် _______________________________ မှုခြင်းသို့ ရောက်ကြ၏။ ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား၊ ခရစ်တော်သည် _______________ အတိုင်း ငါတို့_______________ ကြောင့် _______________ ခံတော်မူ၏။ _______________ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ _______________ တော်မူ၏။" (၁ကော၊ ၁၅း ၁-၄)

ဧဝံဂေလိ သတင်းကောင်းဆိုသည်မှာ ခရစ်တော်၏ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် သေခြင်းမှထမြောက် ခြင်းသာဖြစ်ပါသည်။
(မှတ်ချက်) အခန်းငယ်သုံးမှာ ခရစ်တော်သည် ကျွန်ုပ်တို့ အပြစ်ကြောင့် အသေခံတော်မူ၏။ ခရစ်တော်သည် လက်ဝါးကပ်တိုင်မှာ အသေခံပေးခြင်းဖြင့် သင်၏ အပြစ်ကြွေးကို ဆပ်ပေးပြီးခဲ့သည်။ ထိုသို့ သင်သည် ကယ်တင်ခြင်းသို့ ရောက်စေဖို့အလို့ငှာ ဖြစ်သည်။

မှတ်ချက်။ ။အပိုဒ်ငယ် (၃)တွင် ဖော်ပြသည့်အတိုင်း ခရစ်တော်သည် _______________ *အတိုင်း* ငါတို့ အပြစ်ကြောင့် အသေခံတော်မူ၏။ သမ္မာကျမ်းစာထဲ၌ ဖော်ပြခဲ့သော ဘုရားသခင်သည် ဤလောကသို့ မည်ကဲ့သို့သော ကယ်တင်ရှင်ကို စေလွှတ်ဖို့ရန် ကတိပေးသနည်း။ သခင်ခရစ်တော် တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့၏ အပြစ်ကြွေးဆပ်ပေးနိုင်သောသူ ဖြစ်သည်။ သခင်ခရစ်တော် တစ်ပါးတည်းသာလျှင် ကျမ်းစာ၏ ပရောဖက်ပြုချက်ကျမ်းပိုဒ် (၃၀၀) ကျော်ကို ပြည့်စုံစွာ လိုက်နာဆောင်ရွက်နိုင်သော သူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်တစ်ပါးတည်းသာလျှင် အပြစ်နှင့် ကင်းသောသူဖြစ်၏။

၄။ ကျမ်းစာလာသည်ကား - "ငါသည် _______________ ကို သက်သေခံလျှင် ငါ့သက်သေမတည်။ငါ၏ အကြောင်းကို သက်သေခံသော သူတစ်ပါးရှိသေး၏။ ထိုသူ၏ သက်သေ တည်ကြောင်းကို ငါသိ၏။ သင်တို့သည် _______________ ထံသို့ စေလွှတ်ကြ၏။ သူသည် သမ္မာတရား ဘက်၌ သက်သေခံ၏။" (ရှင်ယောဟန် ၅း၃၁-၃၃ )

အခန်းငယ် (၃၁) ထဲမှာမည်သူက မေရှိ(ခရစ်တော်) ဟုအခိုင်အမာ ပြောဆိုသနည်း။

__________________________________

အခန်းငယ် (၃၃) မှာ ယေရှုသည် မည်သူက မေရှိဖြစ်သည်ဟု ကြေညာသနည်း။

__________________________________

၅။ ကျမ်းစာလာသည်ကား - "ယောဟန်၏ သက်သေထက် သာ၍ ကြီးသော သက်သေသည် ငါ၌ ရှိ၏။ _______________ တို့ကို ငါပြီးစီးစေခြင်းငှါ ခမည်းတော်သည် ငါ့လက် သို့အပ်ပေးတော်မူ၍၊ ငါပြုသော _______________ သည်လည်း ငါ့ဘက်၌နေ၍၊ ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူသည်အကြောင်းကို _______________ ခံကြ၏။ _______________ သည်လည်း ငါ့ဘက်၌ သက်သေခံတော်မူ၏။ ခမည်းတော်၏ စကားသံတော်ကို သင်တို့သည် မကြား၊ သဏ္ဍာန်တော်ကို မမြင်၊ နှုတ်ကပတ်တော်သည်လည်း သင်တို့၌မတည်။ အကြောင်းမူကား၊ စေလွှတ်တော်မူသောသူကို သင်တို့သည် မယုံကြည်ဘဲနေကြ၏။

ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ______ ၏ _________ ဖြစ်၏။"

(ယောဟန် ၅း၃၆-၃၉)

အခန်းငယ် (၃၆)မှာ သခင်ယေရှုသည် စစ်မှန်သော မေရှိ (ခရစ်တော်) ဖြစ်ကြောင်း မည်သို့ သက်သေပြပါသနည်း။

________________________________

အခန်းငယ် (၃၇) မှာ သခင်ယေရှုသည် စစ်မှန်သောမေရှိ (ခရစ်တော်) ဖြစ်ကြောင်း မည်သူကကြေငြာသနည်း။

________________________________

အခန်းငယ် (၃၉) မှာ သခင်ယေရှုပြောထားသည်မှာ သမ္မာကျမ်းစာကပင် မည်သူ၏ အကြောင်းကို သက်သေပြုပါသနည်း။

________________________________

၆။ ကျမ်းစာလာသည်ကား - "အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ________________________________ အတွက်ကြောင့် ________________________________ ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင် ရှေ့တော်၌ ____________________ သောသူဖြစ်မည် အကြောင်းတည်း။" (၂ကော ၅း၂၁)

တစ်နည်းအားဖြင့် ခရစ်တော်သည် သင်၏ နေရာ၌ အစားထိုး လဲလှယ်ပေး ခြင်း ဖြစ်ပါသည်။ သင်၏ အပြစ်ကြွေးအားလုံးကို ယူဆောင်သွားပြီး သူ၏ ဖြောင့်မတ် ခြင်းကို ရရှိနိုင်ရန် သူ့အသက်ကို စတေးခြင်း ဖြစ်ပါသည်။

# သင်ခန်းစာ (၁၀)
# ကယ်တင်ခြင်း၏ လိုအပ်ချက်များ

ဤသင်ခန်းစာထဲ၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အမှန်တကယ် မိဿဟာယဖွဲ့နိုင်ရေးအတွက် လုပ်ဆောင်ရမည့် အရာများကို လေ့လာကြည့်ရှုသွားမည်ဖြစ်ပါသည်။ သခင်ခရစ်တော်သည် လောကလူသား အပြစ်တွက် အသေခံခဲ့သော်လည်း လူတို့သည် သူတို့၏ အပြစ်ခွင့်လွှတ်ခြင်းတရားကို လက်ခံရရှိခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဧဝံဂေလိတရားကို မနာခံ၊ မယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။

၁။ ကျမ်းစာလာသည်ကား - "ယောဟန်သည် ထောင်ထဲသို့ ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ ________________ ရကြလော့။ ____________ တရားကို ________________ကြလော့ ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့် ယှဉ်သော ________________ တရားကို ဟောတော်မူ၏။" (မာကု ၁း၁၄-၁၅)

လူတိုင်းလုပ်ဆောင်ရမည့် အရာနှစ်မျိုးကို သခင်ယေရှု မည်ကဲ့သို့ ဖော်ပြသနည်း။

________________________________

၂။ ကျမ်းစာလာသည်ကား - "ဘုရားသခင့် ရှေ့တော်၌ ________________ ရခြင်းတရားကို၎င်း၊ ငါတို့သခင် ယေရှုခရစ်ကို ________________ခြင်း တရားကို၎င်း၊ ယုဒလူ၊ ဟေလသလူတို့ အား သက်သေခံသည်အကြောင်း အရာကို သင်တို့ သိကြ၏။" (တမန် ၂၀း၂၁)

ရှင်ပေါလုသည် မည်သည့်အရာနှစ်မျိုးကို ယုဒလူနှင့် ဟေလသလူတို့ အတွက် သက်သေခံသနည်း။

________________________________

လူတစ်ယောက်သည် ဧဝံဂေလိတရားကို နာခံနိုင်ရေးအတွက် သူသည် သူ့အပြစ်မှ **နောင်တ**ရရှိဖို့ လုံး၀ လိုအပ်ပါသည်။ ထိုသို့ဖြင့် သခင်ခရစ်တော်၏

ဧဝံဂေလိတရား အကြောင်းကို **ယုံကြည်**ရမည်။ ကျွန်ုပ်တို့ ဤစကားလုံး နှစ်ခုကို နီးနီးကပ်ကပ် ကြည့်ကြပါစို့။

## သမ္မာကျမ်းစာမှာ နောင်တရခြင်းအကြောင်းကို မည်ကဲ့သို့ ဖော်ပြသနည်း။

၃။ ကျမ်းစာလာသည်ကား - "ထိုကြောင့် အကျွန်ုပ်သည် ကိုယ်ကို ရွံရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍ နောင်တရပါ၏ ဟုလျှောက်လေ၏။" (ယောဘ ၄၂း၆)

ယောဘသည် နောင်တရာနေရာသို့ ရောက်လာသောအခါ သူ့ကိုသူ မည်ကဲ့သို့ ထင်မှတ်သနည်း။ ________________________________

၄။ ကျမ်းစာလာသည်ကား - "အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ________________ နှင့် ယှဉ်သော________________ စိတ်တည်းဟူသော၊ မပြောင်းလဲနိုင်သောနောင်တစိတ်ကို ပြုပြင်တတ်၏။ လောကီ ဝမ်းနည်းခြင်းမူကား၊ သေခြင်းကို ပြုပြင်တတ်၏။" (၂ကော ၇း၁၀)

စစ်မှန်သော နောင်တရခြင်း၌ မည်ကဲ့သို့သော စိတ်ဝမ်းနည်းခြင်းမျိုးကို လိုအပ်သနည်း။ ________________________________

လူသားတို့၏ စိတ်ဝမ်းနည်းခြင်းအရာတို့သည် သင်၌ ဒုက္ခနှင့်ရင်ဆိုင်ကြုံတွေ့သောအချိန် သို့မဟုတ် ဥပဒေကို ချိုးဖောက်သောအခါ ထိုအရာ၏ အကျိုးသက်ရောက်မှုများကို မရင်ဆိုင်ချင်သောကြောင့် ထွက်ပေါ်လာခြင်း ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ဘုရား တရားနှင့်ဆိုင်သော စိတ်ဝမ်းနည်းမှုမှာ သင်သည် ဘုရားသခင့် ရှေ့မျှောက်တွင် အမှားများကို ပြုမိသောကြောင့် ထိုအမှားလုပ်ခြင်းမှ အမှန်သို့ ပြောင်းလဲလိုသော စိတ်ဆန္ဒရှိခြင်း ဖြစ်ပါသည်။ သင်သည် ဒုစရိုက်အပြစ်ပြုမှုကြောင့် ဘုရားသခင့် ထံတော်သို့ နောင်တ စိတ်ဝမ်းနည်းခြင်း မရှိခဲ့လျှင်

သင်သည် ဘုရားသခင့် ရှေ့တော်မှာ အဘယ်သောအခါတုန်းကမှ နောင်တရခြင်း မခံယူခဲ့သေးသည်ဖြစ်၏။

၅။ ကျမ်းစာလာသည်ကား - “ ငါတို့သည် သင်တို့ အထဲသို့ အဘယ်သို့ _______________ အကြောင်းအရာကို သူတို့သည် ကိုယ်တိုင် ကြားပြောကြ၏။ အသက်နှင့် ပြည့်စုံလျက် မှန်တော်မူသော ဘုရားသခင်၏ _______________ ကို သင်တို့သည် ဆောင်ခြင်းဌာ၄င်း။” (၁ သက်သာလောနိတ် ၁း၉)

ဤသူတို့သည် နောင်တရလာသောအခါ သူတို့သည် ရုပ်ထုကိုးကွယ်ခြင်းမှ ဘုရားသခင်ဆီသို့ ပြန်လှည့်ခြင်း ဖြစ်ပါသည်။ မှန်ကန်သော နောင်တရ ခြင်းသည် မိတ်ဆွေကို ရုပ်ထုကိုးကွယ်ခြင်းမှ စွန့်လွှတ်စေနိုင်ခဲ့သောအရာ ဖြစ်ပါသည်။

၆။ သမ္မာကျမ်းစာက - “ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာ ဆုံးမရမည်။ __________ ကို ဝန်ခံခြင်းအလို့ငှါ _______________ ကို ဘုရားသခင်ပေး ကောင်းပေးတော်မူ၍။” (၂ တိမောသေ ၂း၂၅)

လူတစ်ယောက်သည် နောင်တရလာသောအခါ မည်သည့် အရာကို ဝန်ခံ ရမည်နည်း။

_______________ _______________ နောင်တရခြင်း၏ အကြောင်းရင်းမှာ လူတစ်ယောက်သည် ဘုရားသခင်၏ သမ္မာတရားနှင့် သဘောတူညီခြင်းပင် ဖြစ်ပါသည်။ ပထမတွင် သူ၏ အပြစ်ကြောင့် ငရဲပြည်နဲ့ ထိုက်တန်ပါ၏။ အကြောင်းမှာ သူသည် ဘုရားသခင်၏ ပညတ်တရားကို ချိုးဖောက်သောကြောင့် ဖြစ်ပါသည်။
ယုံကြည်ခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။

၇။ ကျမ်းစာလာသည်ကား - “ငါသည် _______________ ရှိ၏ဟု ပြောလျက် အကျင့်ကို ____________________နေလျှင် အဘယ်အကျိုး ရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော့။” (ရှင်ယာကုပ် ၂း၁၄)

လူတစ်ယောက်က "ငါ့မှာ ယုံကြည်ခြင်း ရှိသည်" ဟုပြောလျက်သူ၏ အသက်တာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်း မရှိလျှင် သူ၏ယုံကြည်ခြင်းသည် စစ်မှန်မည်လော၊ ကယ်တင်ခြင်းအတွက် ဖြစ်စေသော ယုံကြည်ခြင်းမျိုး သက်ရောက်စေမည်လော။

________________________________

၈။ ကျမ်းစာလာသည်ကား - "ထိုနည်းတူ၊ ________________________________ ယုံကြည်ခြင်းသည် တစ်ပါးတည်းရှိ သောကြောင့် အသေဖြစ်၏။" (ရှင်ယောကုပ် ၁:၁၆-၁၇)

ကောင်းမှုလုပ်ခြင်းဖြင့် အဘယ်သူ တစ်ယောက်မျှ ကိုယ့်ကိုယ်ကို မကယ်တင်နိုင်။ သို့သော်လည်း စစ်မှန်သော ယုံကြည်ခြင်းရှိသောသူသည် ကောင်းသောအရာကို ကျင့်ဝတ်ကြ၏။ စစ်မှန်သော ယုံကြည်ခြင်းသည် အလွန်လေးနက်ပါသည်။

၉။ ကျမ်းစာလာသည်ကား -"ဘုရားသခင် တဆူတည်းရှိသည်ဟု သင်သည် ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည် ______ ၍______________ တုန်လှုပ်ကြ၏။" (ယာကုပ် ၂:၁၉)

မည်သူက ဘုရားသခင်ကို ယုံကြည်၍ ကြောက်ရွံ့တုန်လှုပ်ကြသနည်း။

________________ ________________

နတ်ဆိုးတို့သည် ကယ်တင်ခြင်းကို ရရှိသောသူ ဖြစ်ကြမလား။

________________________________

စစ်မှန်သော ယုံကြည်ခြင်းသည် ဘုရားသခင်ရှိသည်ဟူသော ယုံကြည်ခြင်းထက် သာ၍ မြင့်မားလေးနက်၏။

၁၀။ ကျမ်းစာလာသည်ကား - "ယုံကြည်ခြင်းသည် ________________ အားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ________________ ၏____________ တော် အားဖြင့် ဖြစ်၏။" (ရောမ ၁၀ း ၁၇)

ယုံကြည်ခြင်းသည် အဘယ်အရပ်မှ လာသနည်း။

________________________________

၁၁။ ကျမ်းစာလာသည်ကား - " ဘုရားသခင်၏ သားတော်ကို ___________ သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ _________________ အသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" (ရှင်ယောဟန် ၃း၁၆)

စစ်မှန်သော ယုံကြည်ခြင်းသည် ခရစ်တော်၌ ယုံကြည်ခြင်း ဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်ခြင်းသည် ခရစ်တော်ကို အားကိုးယုံကြည်လက်ခံခြင်း ပင်ဖြစ်ပါသည်။ ခရစ်တော်တစ်ပါးတည်းသာလျှင် မိတ်ဆွေကို အပြစ်မှ ကယ်တင်နိုင်သော ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ယုံကြည်ခြင်းဖြစ်ပါသည်။ လူများစွာတို့သည် ကယ်တင်ခြင်းကို ရယူလိုသော်လည်း ခရစ်တော်၏ သတင်းကောင်း (ဧဝံဂေလိ) ကို ဘယ်သောအခါမျှ လက်မခံချေ။ သူတို့သည် ဘုရားသခင်၏ ပြုပြင်ပြောင်းလဲခြင်းကို သဘောမတူ သည့်အပြင် သူတို့၏အပြစ်လမ်းထဲမှဘုရားသခင်၏အလိုကို မလိုက်ကြပါ။ ခရစ်တော်နောက်လိုက်ရန်အတွက် သူတို့သည် ဆက်ကပ်လိုခြင်း မရှိကြပေ။ မိတ်ဆွေသည် အပြစ်အတွက် နောင်တရပြီး ဧဝံဂေလိ တရားတော်ကို ယုံကြည်ခဲ့ဖူးသလား။

# သင်ခန်းစာ (၁၁)
# အသစ်သော မွေးဖွားခြင်း

မှတ်ချက်။ ။ အချို့သောသူတို့သည် ဘုရားသခင်ကို မည်သို့ ယုံကြည်အားကိုးလိုသည့်အကြောင်းကို ကျွန်ုပ်တို့ သင်ကြားခဲ့ပါပြီ။
(က) လူသားတိုင်းသည် ဘုရားသခင်၏ ပညတ်တရားကို ချိုးဖောက် ခဲ့ကြပါသည်။
(ခ) အချို့သော သူတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့နိုင်ခဲ့ကြပါသည်။
(ဂ) မိတ်ဆွေ၏ အသက်တာမှာ သခင်ခရစ်တော် တစ်ပါးတည်းသာ ဘုရားသခင်နှင့် ဆက်သွယ်ပေးနိုင်သောအရှင် ဖြစ်ပါသည်။
(ဃ) လူသားတိုင်းသည် နောင်တရပြီး ခရစ်တော်၏ ဧဝံဂေလိတရားကို ယုံကြည်လက်ခံရန် အတွက် ဖြစ်ပါသည်။
၁။ ကျမ်းစာလာသည်ကား - "ယေရှုက၊ ________________ ကိုမခံသော သူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်ကန် ဆိုသည်မှာ ပြန်၍ မိန့်တော်မူ၏။" (ရှင်ယောဟန် ၃း၃)

ဘုရားသခင်နှင့် မိဿဟာယဖွဲ့ (ဆက်စပ်မှု) ရရှိနိုင်ရေးအတွက် ဒုတိယ မွေးဖွားခြင်းခံမှသာလျှင် ဖြစ်၏။

လူတစ်ယောက်သည် ဇာတိအားဖြင့် ဘယ်နှစ်ကြိမ် မွေးဖွားသနည်း။

________________

လူတစ်ယောက်သည် ဝိညာဉ်ရေးဆိုင်ရာ အားဖြင့် ဘယ်နှစ်ခါမွေးဖွားခြင်းခံရမည်နည်း။ ________________

မွေးဖွားခြင်းအရာသည် အမှတ်တရဖြစ်စေသော အရေးကြီးသည့် ဖြစ်ရပ်ဖြစ်ပါသည်။ ထိုအရာသည် တစ်ကြိမ်တည်းသာဖြစ်ပြီး တစ်ခဏတာ အချိန်အတွက် အမြဲဖြစ်ရပ်တစ်ခု ဖြစ်တတ်ပါသည်။

၂။ ကျမ်းစာလာသည်ကား - "မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော ________________၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ ________________ ____________အားဖြင့် ဖြစ်သွားသောကြောင့်။" (၁ပေတရု ၁း၂၃)

မည်သည့် စာအုပ်သည် လူတစ်ယောက် ဒုတိယမွေးဖွားခြင်းကို ရနိုင်ရန် အတွက် အရေးကြီးသော စာအုပ်ဖြစ်သနည်း။ ________________ ___________

လူတစ်ယောက်သည် ဒုတိယမွေးဖွားခြင်းကို မရခင်မှာ သူသည် ဘုရားသခင်၏ နှုတ်တော်ထွက်ကျမ်းစာကို အရင် **ကြား**ရမည်။ ပြီးနောက် သူသည် ဘုရားသခင်၏ ပညတ်တရားများကို ချိုးဖောက်ခဲ့သည် ဟူ၍ **နားလည်သဘောပေါက်**ရမည်။ ပြီးနောက် သူသည် နောင်တရခြင်းနှင့် ဧဝံဂေလိတရားကို ယုံကြည်ခြင်းဖြင့် **တုံ့ပြန်**သော အသက်တာ ရှိရမည်။

## ဝိညာဉ်ရေးရာဖြင့် မွေးဖွားခြင်း၌ ဘယ်လိုဖြစ်ပျက်မှုများ ရှိသနည်း။

၃။ ကျမ်းစာလာသည်ကား - 'လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည် အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ ________________။ ငါတို့တွင် အဘယ်သူမျှ ________________ ရှိသမျှတို့သည် ________________ ရစေ ခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံတော်မူ၏။ ” (၂ ရှင်ပေတရု ၃း၉)

ဘုရားသခင်သည် လူတိုင်းကို ________________ ______________ငှါ အလိုတော်ရှိ၏။
အသစ်မွေးဖွားခြင်း ရှိသောအသက်တာသည် ဘုရားသခင် ရှေ့တော်မှောက်မှာ သင်သည် အပြစ်ရှိကြောင်း ဝန်ခံ၍ နောင်တရလာချိန်တွင်းမှာပင် ဖြစ်ပါသည်။

၄။ ကျမ်းစာလာသည်ကား - “လူအပေါင်းတို့သည် ________________ သို့ ရောက်၍ သမ္မာတရားကို ____________ ခြင်းငှာ၊ ဘုရားသခင် အလိုတော် ရှိ၏။” ( ၁ တိမောသေ ၂း၄)

ဘုရားသခင်သည် လူအပေါင်းတို့ ကယ်တင်ခြင်းသို့ ရောက်၍ ________________ ကို သိစေခြင်းငှါ အလိုရှိ၏။ အသစ် မွေးဖွားခြင်း ရှိသော အသက်တာသည် ဘုရားသခင်၏ ဧဝံဂေလိ တရားကို

သိကျွမ်းပြီး သမ္မာတရားကို ရွေးချယ်၍ လက်ခံယုံကြည်ခြင်း ဖြစ်ပါသည်။

၅။ ကျမ်းစာလာသည်ကား - "ခမည်းတော် ငါ့အား ပေးတော်မူသမျှသော သူတို့သည် ______________ သို့ လာကြလိမ့်မည်။ ငါ့ထံသို့ ______________ သူကို ငါသည် အလျှင်းမပယ်။" (ယောဟန် ၆း၃၇)

ဘုရားသခင်သည် လူတိုင်းကို ______________ ဆီသို့ လာခြင်းငှာ အလိုတော်ရှိ၏။

အသစ်မွေးဖွားခြင်းသည် သင်၏ အသက်တာမှာ သခင်ခရစ်တော်ကို ကယ်တင်ရှင် ဖြစ်သည်ကို ယုံကြည်လက်ခံသော အချိန်ဖြစ်ပါသည်။

၆။ ကျမ်းစာလာသည်ကား - "အကြောင်းမူကား၊ ______________ ကို ______________ ပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။" (ရောမ ၁၀း၁၃)

လူအပေါင်းတို့သည် လာ၍ ______________ ခြင်းငှါ ဘုရားသခင်သည် အလိုတော်ရှိ၏။

အသစ်သော မွေးဖွားခြင်းသည် သင့် အသက်တာမှာ သခင်ခရစ်တော်ကို သင်၏ အပြစ်မှခွင့်လွှတ်နိုင်ရန်အတွက် တောင်းဆိုရမည့်အချိန် ဖြစ်ပါသည်။

၇။ ကျမ်းစာလာသည်ကား - " လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် ______________ ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ______________________ အရာတို့သည် ____________ ဖြစ်ကြပြီ။" ( ၂ ကောရိ ၅း၁၇)

ဘုရားသခင်သည် လူတိုင်းကို အသစ်ပြုပြင်သော ___________ ______________ ဖြစ်စေလို၏။

အသစ်သော မွေးဖွားခြင်းသည် မိတ်ဆွေ၏ အသက်တာမှာ ဘုရားသခင်သည် မိတ်ဆွေကို အသစ်သော အသက်တာကို ရစေပြီးနောက် သမ္မာကျမ်းစာအတိုင်းလိုက်လျှောက် အသက်ရှင်ရမည့် အချိန်ဖြစ်ပါသည်။

## သင်၏ အသစ်သော မွေးဖွားခြင်းသည် ဘယ်အချိန်ကလဲ

**မွေးဖွားခြင်း** **သေခြင်း**

*???*

__________

သင်သည် မည်သည့်အချိန်၌ နောင်တရသနည်း။
သင်သည် မည်သည့်အချိန်၌ သမ္မာတရားထံသို့ လာသနည်း။
သင်သည် မည်သည့်အချိန်၌ ခရစ်တော် ထံတော်သို့ လာသနည်း။
သင်သည် မည်သည့်အချိန်၌ ခရစ်တော်၏ နာမကို ခေါ်သနည်း။
ဘုရားသခင်က သင့်ကို အဘယ်အချိန်၌ အသစ်ပြုပြင်သောလူ ဖြစ်စေသနည်း။

**သင်သည် ဘယ်တုန်းကမှ ဒုတိယမွေးဖွားခြင်းကို မခံယူခဲ့လျှင်၊ သင်သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း (ဆက်စပ်မှု)ကို မရရှိနိုင်။**